# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၁၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

## အထူးစီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ လူနေမှုအဆင့်အတန်းများ တိုးတက်မှုရရှိလာမည်

နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၃)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

**ယနေ့ မာတိကာ**


ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့၏ ထာဝရ အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေးမှတစ်ပါး အခြားမရှိပါ — ဆောင်းပါး စာ ၆

စန္ဒကူးနံ့သာကျောင်းတော်ရာ အတွေးများနှင့် မကွေးမြို့က ပြန်ခဲ့သည် — ဆောင်းပါး စာ ၁၀

ဂါဇာဒေသအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများခွင့်ပြုပေးရမည်ဟု ကုလအကြီးအကဲပြော — နိုင်ငံတကာသတင်း စာ ၁၃

# အထူးစီးပွားရေးဇုန်များ အမြန်ဆုံးအကောင်အထည်ဖော်ရေး

ကမ္ဘာ့အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ်သို့ တက်လှမ်းလာပြီဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်က စတင်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် ဖက်စပ်လုပ်ငန်းထူထောင်ခြင်းဆိုင်ရာဥပဒေကို ၁၉၇၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး နောက်တစ်နှစ် ၁၉၈၀ တွင် အထူးစီးပွားရေးဇုန်ကြီးလေးခုကို နိုင်ငံအရှေ့တောင်ပိုင်း ကမ်းရိုးတန်းမြို့ကြီးများတွင် တည်ထောင်၍ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သည်။ စီးပွားရေးတံခါးဖွင့်ဝါဒ စတင်ကျင့်သုံးချိန်မှစ၍ နှစ်စဉ်ဆက်တိုက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ယခုအခါ စီးပွားရေးအရ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပြီဖြစ်သည်။

မိမိတို့နိုင်ငံတွင် အထူးစီးပွားရေးဇုန်ဥပဒေကို ၂၀၁၁ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပိုမိုပြည့်စုံကောင်းမွန်သည့် ဥပဒေအဖြစ် အသစ်ပြင်ဆင်ပြဋ္ဌာန်းကာ ၂၀၁၅ ခုနှစ်တွင် နည်းဥပဒေကိုပါ ပြဋ္ဌာန်းခဲ့သည်။ မိမိတို့နိုင်ငံတွင် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် သီလဝါအထူးစီးပွားရေးဇုန်မှာ အောင်မြင်စွာဖြင့် လုပ်ငန်းများလည်ပတ်လုပ်ကိုင်လျက်ရှိသည်။ ကျန်စီမံကိန်းနှစ်ခုဖြစ်သည့် ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကိုလည်း သီလဝါကဲ့သို့ပင် အောင်မြင်စွာ လည်ပတ်လုပ်ကိုင်လာစေနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့သည် ရေနက်ဆိပ်ကမ်းစီမံကိန်းများပါဝင်ပြီး စက်မှုဇုန်များ၊ အဆင့်မြင့်အိမ်ရာများ စသည်တို့လည်း ပါဝင်သည်။ အထူးစီးပွားရေးဇုန်များ မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာပြီး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာသည်နှင့်အမျှ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူနေမှုအဆင့်အတန်းများ ဖွံ့ဖြိုးတိုးတက်မှုတို့ ရရှိလာမည်ဖြစ်သည်။ ထို့အပြင် ပြည်ပပို့ကုန်များ တိုးတက်၍ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိနိုင်ခြင်း၊ စက်မှုကဏ္ဍစီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာခြင်း စသော ရည်ရွယ်ချက်များကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်သည်။

“မိမိတို့နိုင်ငံတွင် အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များ ရှိပြီးဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးပြပြီး ထိရောက်စွာဆောင်ရွက်နိုင်မှုမရှိခဲ့သဖြင့် တိုးတက်မှုများ နည်းပါးခဲ့ကြောင်း၊ အထူးစီးပွားရေးဇုန်များဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်တို့သည် မိမိတို့နိုင်ငံအတွက်သာမက အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုသဖြင့် တိုးတက်မှုအမြန်ဆုံးရရှိရန်နှင့် အလုပ်ဖြစ်ရန် အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းများသည်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်သောကြောင့် စီမံကိန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း” ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေး(၇/၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အထူးစီးပွားရေးဇုန်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးမားသည့် အထောက်အကူတစ်ရပ်ဖြစ်သည့်အလျောက် စီမံကိန်းများ အမြန်ဆုံးအကောင်အထည်ပေါ်ဖြစ်မြောက်လာရေး အစွမ်းကုန်အားထုတ်ကြိုးပမ်းကြရပါမည့်အကြောင်း။ ။





## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆရာဒကာဘုန်းတော်ကြီးကျောင်းများသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန၏ ဆရာဒကာကျောင်းများဖြစ်သော အဘယာရာမ ကျောင်းတိုက်နှင့် မြို့မစမ်းမြိုင် ကျောင်းတိုက်များသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



အဆိုပါ ကျောင်းတိုက်များသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ကျောင်းထိုင်ဆရာတော်များထံ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ဆား၊ ပဲနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ပုံ)** အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့အတွင်း ရေများပြန်လည်ကျဆင်းလာပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် စတင်ဆောင်ရွက်

**ပဲခူး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်မှုဖြင့် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ပဲခူးမြို့အတွင်း ရေများပြန်လည် ကျဆင်းလာပြီဖြစ်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် စတင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး သဘာဝဘေးကွပ်ကဲမှုရုံး၌ ရေဘေးကယ်ဆယ်ရေးနယ်မြေအလိုက် ကြီးကြပ်သူ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရေဘေး ကယ်ဆယ်ရေးစခန်းတာဝန်ခံ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ပဲခူးမြို့အတွင်း ရေများပြန်လည်ကျဆင်းလာပြီဖြစ်၍ ဦးစားပေးနေရာများအလိုက် သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပဲခူးမြစ်ရေကြီးမှုကြောင့် ပဲခူးမြို့အတွင်း ရေဝင်ရောက်မှုမရှိစေရေး ရေဝင်/ရေထွက်ပေါက်များ ပြန်လည်အဆင့်မြှင့်တင်ရန်၊ ရေတားတာတစ်လျှောက် တာကြံ့ခိုင်ရေးစစ်ဆေးရန်နှင့် အမြင့်ဆုံး ရောက်ရှိခဲ့သည့်ရေမှတ်အပေါ် အခြေခံပြီး ရေတားတာများ ပြန်လည်ပြင်ဆင်နိုင်ရေး ကွင်းဆင်းစိစစ်တွက်ချက်တင်ပြရန်၊ ပျက်စီးသွားသည့် လမ်းများကို ပြန်လည်ပြင်ဆင်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ရုံးကြီးရပ်ကွက်နှင့် ဆိုရှယ်လစ် ရပ်ကွက်များရှိ ဒေသခံပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေသန့်စင်စက် တပ်ဆင်ထားသည့် မော်တော်ယာဉ်ဖြင့် ရေသန့်အခမဲ့ဖြန့်ဝေပေးနေမှုကို ကြည့်ရှုအားပေးသည်။ **(အောက်ဝဲပုံ)**



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး၊ နယ်မြေခံတပ်မှ ဒုတပ်မမှူးတို့သည် မြို့မဈေးကြီး၊ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့၌ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ထမင်းထုပ်များနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့အတွင်း ရေပြန်လည်ကျဆင်းခဲ့မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ❍ လက်ရှိနိုင်ငံတော်တွင် အထူးစီးပွားရေးဇုန် (၃)ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်ကို ၂၀၁၃ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကို နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

* *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိနိုင်ငံအပါအဝင် နိုင်ငံတကာရှိ အထူးစီးပွားရေးဇုန်များကို ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပို့ကုန်ပိုမိုတိုးမြှင့်တင်ပို့နိုင်ခြင်း၊ စီးပွားရေးကို ပိုမိုကျယ်ပြန့်လာစေရန် ချိတ်ဆက်ပေးနိုင်ခြင်း၊ ကမ္ဘာ့တန်ဖိုးကွင်းဆက် (Global Value Chain) ကို အထောက်အကူပြုစေခြင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ထုတ်ကုန်အမျိုးအစားများစွာ ထုတ်လုပ်လာနိုင်ခြင်းများကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အတွက် ထူထောင်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန်များတွင် ငွေကြေးဆိုင်ရာ ဆွဲဆောင်မှု(Fiscal Incentive)၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ခွင့်ရှိသည့် ဆွဲဆောင်မှု (Regulatory Incentive)၊ ရေ၊ မီး၊ လမ်းတံတား စသည့်အခြေခံအဆောက်အဦများ ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ပေးသည့် ဆွဲဆောင်မှု (Infrastructure Incentive) စသည်များကို ခွင့်ပြုဆောင်ရွက်ပေးနေခြင်းကို တွေ့ရမည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်စာရင်းများအရ နိုင်ငံပေါင်း ၁၄၅ နိုင်ငံ၌ အထူးစီးပွားရေးဇုန် ၇၀၀၀ ခန့် ရှိနေပြီး အလုပ်အကိုင်အခွင့်အလမ်း သန်းပေါင်း ၁၀၀ ကျော်ခန့် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း၊ အထူးစီးပွားရေးဇုန်များသည် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် အထောက်အကူပေးနိုင်သကဲ့သို့ စက်မှုဆိုင်ရာမူဝါဒများ၏ ဖြစ်ပေါ်တိုးတက်မှုအသစ်များဖြစ်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုလည်း ပိုမိုဆွဲဆောင်နိုင်သည်ကို တွေ့ရှိရကြောင်း။

### များစွာအထောက်အကူပြုမည်

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အထူးစီးပွားရေးဇုန်များတွင် အခြေခံအားဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေနိုင်သည့် လုပ်ငန်းစဉ်များကို ပိုမိုအလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများကို ပိုမိုခေတ်မီပြီး တီထွင်ဆန်းသစ်သည့် စက်မှုလုပ်ငန်းများအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်နေကြခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများအပြင် ဝန်ဆောင်မှုများ ပါဝင်သည့် Integrated Zones အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြစ်ခြင်းကို အသိပေးလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားပေးမြှင့်တင်ဆောင်ရွက်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

### ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့

အထူးစီးပွားရေးဇုန်ဥပဒေကို ၂၀၁၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း ပိုမိုပြည့်စုံပြီး ကောင်းမွန်သည့် ဥပဒေအဖြစ် ၂၀၁၄ ခုနှစ်တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ နည်းဥပဒေကိုလည်း ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း။

လက်ရှိနိုင်ငံတော်တွင် အထူးစီးပွားရေးဇုန်(၃)ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်ကို ၂၀၁၃ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကို နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိနိုင်ငံ၏ အကျိုးစီးပွားကို အဓိကထားရမည်ဖြစ်သော်လည်း ဆက်စပ်ဆောင်ရွက်ကြရာတွင် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်ဖက်စလုံး၏ အကျိုးစီးပွားဖြစ်ထွန်းမှုများကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်

သီလဝါအထူးစီးပွားရေးဇုန်သည် လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့် ဇုန်တစ်ခုဖြစ်သည့်အပြင် ဒေသတွင်းနိုင်ငံများအကြားတွင် သတင်းကောင်းနှင့်ရပ်တည်နေသည့် ဇုန်တစ်ခုလည်းဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စနစ်တကျ ဆက်လက်ရင်းနှီးမြှုပ်နှံနိုင်ရန် ကုမ္ပဏီအသစ်များနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန် လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းများ ချောမွေ့မြန်ဆန်စွာလည်ပတ်နိုင်စေရန်အတွက် သက်ဆိုင်သည့် ဝန်ကြီးဌာနများအနေဖြင့် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးရန် မှာကြားလိုကြောင်း။

### လုပ်ငန်းများလည်ပတ်လျက်ရှိ

သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် ၆၆၇ ဒသမ ၂၇၅ ဟက်တာကျယ်ဝန်းပြီး ဇုန် (A) နှင့် ဇုန်(B) ခွဲကာ Free Zone နှင့် Promotion Zone သတ်မှတ်လျက် ပို့ကုန်လုပ်ငန်းနှင့် ပြည်တွင်းသွင်းကုန်အစားထိုးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံသည့် ၂၁ နိုင်ငံမှ လက်ရှိလုပ်ငန်းလည်ပတ်သည့် ကုမ္ပဏီ ၁၁၄ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၂၁၈၀ ဒသမ ၇၈၀ ဖြင့် လုပ်ငန်းများ လည်ပတ်လျက်ရှိပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တစ်နိုင်ငံလုံး၏ တစ်မျိုးသားလုံး ထုတ်လုပ်မှုတန်ဖိုး၏ ၃ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ် တစ်နိုင်ငံလုံး ပို့ကုန်ပမာဏ၏ ၁ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိက ပို့ကုန်ပမာဏ၏ ၃ ရာခိုင်နှုန်းရှိသည်ကို တင်ပြချက်များအရ သိရှိရပါကြောင်း။

### လိုအပ်သည်များ ပံ့ပိုးပေး

သီလဝါအထူးစီးပွားရေးဇုန်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ပါက ဧပြီလမှ ဇူလိုင်လ(၄)လတာ ကာလအတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၈၄၅ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၆၂ ဒသမ ၆၅၃ သန်းရှိသည့်အတွက် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၅၉၈ သန်းရှိပြီး အခွန်အရပ်ရပ်အတွက် ကောက်ခံရငွေ မြန်မာကျပ်ငွေ ၂၂ ဘီလီယံ ရရှိခဲ့ပါကြောင်း၊ လေးလတာကာလဖြစ်သည့်အတွက် ယခုဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုနှင့် အခွန်အရပ်ရပ်ကောက်ခံရရှိမှုကို ယခုထက်ပိုမိုတိုးတက်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း၊ ထပ်မံပြီး သီလဝါအထူးစီးပွားရေးဇုန်ထဲရှိ Free ဇုန်တွင် ကုမ္ပဏီ (၃)ခု၊ promotion ဇုန်တွင် ကုမ္ပဏီ(၁)ခု တို့ကလည်း အားကစားပစ္စည်းထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်၊ ဝိုင်ယာကြိုးနှင့် ဆားကစ်ပြားထုတ်လုပ်ခြင်း၊ ပလတ်စတစ်စက်အစိတ်အပိုင်းထုတ်လုပ်ခြင်းနှင့် အစားအစာနှင့် အချိုရည်များထုတ်လုပ်ခြင်းလုပ်ငန်းများကို အကြောင်းအမျိုးမျိုးကြောင့် စတင်နိုင်ခြင်းမရှိရာမှ စီမံခန့်ခွဲမှုကော်မတီ၏ စည်းရုံးကြိုးပမ်းမှုကြောင့် လုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်းသိရှိရသည့်အတွက် အမြန်ဆုံးပြီးစီးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှတစ်ဆင့် ပို့ကုန်လုပ်ငန်းများ အမြန်ဆုံးစတင်နိုင်အောင် ကြိုးကြပ်ရေးကော်မတီက လိုအပ်သည်များ ပံ့ပိုးပေးရန် မှာကြားလိုကြောင်း။

### စိစစ်ကြီးကြပ်မှုများ ဆောင်ရွက်

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ထူးခြားဖြစ်စဉ် ဖြစ်ခဲ့မှုနှင့်ပတ်သက်၍ ဇုန်အတွင်း ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီတစ်ခု၏ အောက်ခြေဝန်ထမ်းများသည် တရားမဝင်ကုန်ပစ္စည်းတင်သွင်းခွင့်ရရှိရေးအတွက် သွင်းကုန်လိုင်စင်ရရှိထားသည့် အခြားကုမ္ပဏီတစ်ခု၏လိုင်စင်များကို အလွဲသုံးပြီး အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းမှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့်အတွက် ယင်းဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေး ယခုထက် လိုအပ်သည့်စိစစ်ကြီးကြပ်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ အထူးစီးပွားရေးဇုန်များတွင်ရှိသည့် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုချေးငွေများကို မိခင်ကုမ္ပဏီများက ကိုယ်စားပေးဆပ်ပြီး ပြည်ပချေးငွေစာရင်းမှ ပယ်ဖျက်မည့်ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စီမံဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း၊ ထပ်မံ၍ နိုင်ငံခြားငွေအဖြစ် ထည့်ဝင်မတည်ရင်းနှီးမည့်၊ လာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီအသစ်များ လက်ရှိကုမ္ပဏီများ၏ ထပ်မံရင်းနှီးမြှုပ်နှံမှုငွေများကို အမေရိကန်ဒေါ်လာအပြင် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာနိုင်ငံဗဟိုဘဏ်ကနေခွင့်ပြုပြီးဖြစ်သည့် မည်သည့်နိုင်ငံခြားငွေကြေးနှင့်ဖြစ်စေ ထည့်ဝင်အသုံးပြုနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြားမိတ်ဖက်နိုင်ငံများ၏ တရားဝင်ငွေကြေးလဲလှယ်မှု၊ သုံးစွဲမှုများနှင့်လည်း မြန်မာနိုင်ငံဗဟိုဘဏ်မှ ညှိနှိုင်းဆဲဖြစ်သည့်အတွက် သက်ဆိုင်ရာကုမ္ပဏီများကိုလည်း ဆက်သွယ်လာသည့်အချိန်တွင် အသိပေးပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ်အနက် ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးသည် အရေးကြီးသည့် ဦးတည်ချက်တစ်ခုဖြစ်ကြောင်း။

### အတတ်နိုင်ဆုံး စီမံဆောင်ရွက်ပေး

ထိုရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်း SOP များကို လက်တွေ့ကျကျ လုပ်ကိုင်နိုင်ရန်၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဇုန်များတွင် ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးရန် လိုအပ်ကြောင်း၊ ထို့မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထပ်မံဝင်ရောက်လာရန်အတွက် ဖိတ်ခေါ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များကို ကောင်းမွန်စွာ ဦးဆောင်နိုင်ရန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည့်အတွက် လက်ရှိအခြေအနေထက် ပိုမိုတိုးတက်လာစေရန်အတွက်နှင့် ပို့ကုန်တိုးမြှင့်နိုင်စေရန် စီးပွားရေးဇုန်များတွင်ရှိသည့် One Stop Service Center များကို စနစ်တကျဖွဲ့စည်းပြီး ထိရောက်သည့် ဝန်ဆောင်မှုများ ပေးနိုင်အောင် သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းများဆောင်ရွက်နေသည့် ကုမ္ပဏီများ ကုန်ထုတ်လုပ်ငန်းများ အစဉ်ပြေစေရေးအတွက် အတတ်နိုင်ဆုံး စီမံဆောင်ရွက်ပေးစေလိုကြောင်း။

လုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းခြင်းသာမက ပြည်တွင်းမှာရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက ထုတ်လုပ်သည့် အရည်အသွေးမီကုန်ကြမ်းပစ္စည်းများကို ချိတ်ဆက်ပြီး တတ်နိုင်သမျှအသုံးပြုအောင် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် နိုင်ငံများတွင် ဘက်စုံပို့ဆောင်ရေးစနစ် (Multimodal Transport) ကို တွင်ကျယ်စွာ အသုံးပြုနေခြင်းဖြစ်သည့်အတွက် မိမိနိုင်ငံတွင်လည်း အထူးစီးပွားရေးဇုန်များနှင့် ဆက်စပ်ပြီး ဘက်စုံပို့ဆောင်ရေးစနစ် (Multimodal Transport)အသုံးပြုနိုင်စေရန် အကောင်အထည်ဖော်ရေး ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

### ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည်

ထို့ပြင် ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွက် အထောက်အကူပြုမည့် ကျောက်ဖြူ - မန္တလေး - မူဆယ် ရထားလမ်းစီမံကိန်းကိုလည်း ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများပြီးစီးပါက မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း၏ မူဘောင်သဘောတူညီချက် (Framework Agreement) ရေးထိုးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် Shareholders' Agree-ment နှင့် နိုဝင်ဘာလတွင် Concession Agreement ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ယခင်က နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်များနှင့်ပတ်သက်ပြီး နှစ်ဖက်အဓိပ္ပာယ်ကွဲလွဲယူဆ၍ ရနိုင်သည့် အချက်အချို့ရှိရာ ပြန်လည်ညှိနှိုင်းရမည့်အချက်များကို နိုင်ငံတော်အကြီးအကဲက ဆွေးနွေးညှိနှိုင်းရန် မူအားဖြင့် ခွင့်ပြုထားပြီးဖြစ်၍ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်ပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ညှိနှိုင်းမှုများနှင့် Win Win ဖြစ်အောင် နှစ်ဖက်လုပ်ငန်းအဖွဲ့အချင်းချင်း ဆွေးနွေးမှုများ အပြုသဘောဆောင်ပြီး စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။ *စာမျက်နှာ ၄ သို့*

**◆ လုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းခြင်းသာမက ပြည်တွင်းမှာရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက ထုတ်လုပ်သည့် အရည်အသွေးမီကုန်ကြမ်းပစ္စည်းများကို ချိတ်ဆက်ပြီး တတ်နိုင်သမျှ အသုံးပြုအောင် ဆောင်ရွက်**

*စာမျက်နှာ ၃ မှ*

ဆွေးနွေးမှုများ ပြုလုပ်ပြီးပါက ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းများ အမြန်ဆုံး စတင်နိုင်ရေးအတွက် နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent)ကို ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတွက် မိမိတို့ဘက်က ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ကျောက်ဖြူစီမံခန့်ခွဲမှုကော်မတီများအနေဖြင့် လိုအပ်ချက်ပေါ်မူတည်ပြီး ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရန် လိုကြောင်း။

### ❑ ကျောက်ဖြူအထူးစီးပွားရေးဇုန်၌ ရေနက်ဆိပ်ကမ်းစီမံကိန်းသည် အရေးပါပြီး ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ရန်လို၊ ရေနက်ဆိပ်ကမ်းစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်စေနိုင်မည်

#### ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်

ကျောက်ဖြူအထူးစီးပွားရေးဇုန်၌ ရေနက်ဆိပ်ကမ်းစီမံကိန်းသည် အရေးပါပြီး ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ရန် လိုကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်စေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းများ အချိန်တိုအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး လမ်းညွှန်မှုများ ပြုလုပ်ထားပြီးဖြစ်သည့်အတွက် လိုအပ်သည့် ညှိနှိုင်းဆွေးနွေးမှုများကို အချိန်တိုအတွင်း ပြီးပြတ်အောင် ဆက်လက်လုပ်ဆောင်ပြီး စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်ရန် အသိပေးပြောကြားလိုကြောင်း။

#### ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်

အလားတူ ထားဝယ်အထူးစီးပွားရေးဇုန်ကို ၂၀၀၈ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ရင်းနှီးတည်ဆောက်သူအဖြစ် ရွေးချယ်တာဝန်ပေးခဲ့သည့် အီတာလျံ-ထိုင်းကုမ္ပဏီသည် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းအကောင်အထည်ဖော်မှု ရပ်တန့်လျက်ရှိရာ လုပ်ငန်းရပ်စဲထားပြီးဖြစ်၍ လွှဲပြောင်းလက်ခံခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်နှင့် ရင်းနှီးတည်ဆောက်သူ အသစ်ထပ်မံဖိတ်ခေါ်နိုင်ရေး နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီအဖွဲ့များကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်များ ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း။

အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီများက မိမိတို့လုပ်ဆောင်ရန်ကိစ္စများကို ဗဟိုလုပ်ငန်းအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူပြီးမှသာ လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များနှင့် ပတ်သက်၍ လိုအပ်သည့် သုံးသင့်သည်ကိုသာ စိစစ်သုံးစွဲကြရန်လိုကြောင်း။

#### ယခုထက်ပိုမိုပြီး ကြိုးပမ်းဆောင်ရွက်

အထူးစီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ လူနေမှုအဆင့်အတန်းများ တိုးတက်မှုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်များ အောင်မြင်တိုးတက်အောင် သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ယခုထက်ပိုမိုပြီး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

#### ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အတွင်းရေးမှူး (၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက လက်ရှိမြန်မာအထူးစီးပွားရေးဇုန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဦးမြင့်ကြိုင်၊ ဦးမြင့်နောင်၊ ဦးထွန်းအုံနှင့် ဦးမျိုးသန့်၊ တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် အထူးစီးပွားရေးဇုန်ဥက္ကဋ္ဌများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြအတည်ပြုချက်ရယူသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ကယားပြည်နယ်ရှိ ဆောင်းနေကြာစိုက်ပျိုးတောင်သူများအား နေကြာမျိုးစေ့ အခမဲ့ထောက်ပံ့ပေးအပ်



**လွိုင်ကော် အောက်တိုဘာ ၁၂**

ကယားပြည်နယ် အစိုးရအဖွဲ့က ဦးစီး၍ ပြည်နယ်အတွင်းရှိ ဆောင်းနေကြာစိုက်ပျိုး တောင်သူများအား နေကြာမျိုးစေ့အခမဲ့ ထောက်ပံ့ပေးအပ်ခြင်းနှင့် ယူရီးယား ဓာတ်မြေဩဇာများကို သက်သာသော နှုန်းထားဖြင့် ရောင်းချပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း ဆီထွက်သီးနှံနေကြာများ စိုက်ပျိုးခြင်းဖြင့် စားသုံးဆီဖူလုံလာစေရန် ရည်ရွယ်၍ တောင်သူများအတွက် ဆောင်းနေကြာမျိုးစေ့ အခမဲ့ထောက်ပံ့ပေးအပ်ပြီး ယူရီးယား ဓာတ်မြေဩဇာများကို သက်သာသည့် နှုန်းထားများဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း၊ အဓိက စိုက်ပျိုးသီးနှံများအနက် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံများကိုတိုးချဲ့စိုက်ပျိုးခြင်းနှင့် တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်အတွင်း ဆန်၊ ဆီ၊ ပဲ ဖူလုံမှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ဆောင်းနေကြာစိုက် တောင်သူများအနေဖြင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးအတွက် ကြိုးစားစိုက်ပျိုးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလှိုင်က နေကြာစိုက်ပျိုးခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းအကြောင်းကို ပါဝါပွိုင့်ဖြင့် တောင်သူ လယ်သမားများအား အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့နယ်ရှိ နိုးကိုးကျေးရွာအုပ်စု၊ မထောခူကျေးရွာအုပ်စု၊ နွားလဝိုးကျေးရွာအုပ်စု၊ ချိကယ်ကျေးရွာအုပ်စု၊ ဒီးမော့ဆိုမြို့နယ်ရှိ ကျွန်းတောကျေးရွာအုပ်စု၊ ဘုရားဖြူကျေးရွာအုပ်စု၊ အိုကေကျေးရွာအုပ်စု၊ ဒေါဘူးကူးကျေးရွာအုပ်စု၊ ဖရူဆိုမြို့နယ်ရှိ မြို့မကျေးရွာအုပ်စု၊ ဟိုယာကျေးရွာအုပ်စု၊ ညောင်ဇင်ရပ်ကွက်နှင့် ထီးတရဲရပ်ကွက်တို့ရှိ တောင်သူများအား နေကြာစိုက်ဧက ၂၀၀၀ အတွက် နေကြာမျိုးစေ့များ အခမဲ့ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် အခမ်းအနားအပြီးတွင် ဆောင်းနေကြာစိုက်တောင်သူများအား ယူရီးယား ဓာတ်မြေဩဇာ အိတ် ၂၀၀၀ ကို သက်သာသော နှုန်းထားဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်နှင့် ပဲခူးမြို့ရှိ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် ကြာအင်းကျေးရွာရှိ ဆီဆုံကုန်းသာသနာ့ရိပ်သာကျောင်းတိုက်၌ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အင်းတိုင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ကျောင်းတိုက်အတွင်းအပြင် ရေဝင်ခဲ့သည့်နေရာများ၌ တင်ကျန်ခဲ့သည့် နုန်းများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းပေးခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

#### ပူးပေါင်း၍ဆောင်ရွက်

အလားတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ရေများ ပြန်လည်ကျဆင်းသွားပြီ ဖြစ်သဖြင့် တင်ကျန်ခဲ့သည့် နုန်းများနှင့် အမှိုက်များအား ဖယ်ရှားပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ပေးခြင်း စသည့်လုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးသည်။

ထို့ပြင် ပဲခူးမြို့အတွင်းဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းများအား ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ရေသန့်ကတ်များနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အလုပ်သမားရေးရာဥပဒေအသိပညာပေး စကားဝိုင်းကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒဂုံဆိပ်ကမ်းစက်မှုဇုန် ကနောင်ခန်းမ၌ ယနေ့နံနက်ပိုင်းက အလုပ်သမားရေးရာဥပဒေအသိပညာပေးစကားဝိုင်း ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အသိပညာပေးစကားဝိုင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုး၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်မျိုးသန့်၊ လူမှုဖူလုံရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်ညွှန့်နွယ်စိုးနှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်စိုးသန်းတို့က ဆွေးနွေးကြသည်။ ထို့နောက် စကားဝိုင်းသို့ တက်ရောက်လာသော စက်ရုံ၊ အလုပ်ရုံများမှ မန်နေဂျာများက သိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**အေးမဥ္ဇူ(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နေပြည်တော် အောက်တိုဘာ ၁၂

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အသင်းအုပ်ချုပ်သူနည်းပြများ၊ ဝန်ထမ်းမိသားစုများနှင့် ခြင်းလုံးဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံး အမျိုးသားခြောက်ပေါက်တန်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်က တက်သစ်စ အမျိုးသမီးအားကစားသမားဆု ရ နေပြည်တော်မှ မခင်သန္တာအောင်နှင့် တက်သစ်စ အမျိုးသားအားကစားသမားဆု ရ ပဲခူးတိုင်းဒေသကြီးမှ မောင်ဖော်လင်းနိုင်တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်က ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူ က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က အမျိုးသမီး အကောင်းဆုံး အားကစားသမားဆု ရ ရန်ကုန်တိုင်းဒေသကြီးမှ မခိုင်သဇင်ဖြိုးနှင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆု ရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဇော်လင်းမောင်တို့ကို ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားခြောက်ပေါက်တန်းပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်သည်။ (ဓါတ်ပုံ)

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**၁၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်**

ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာ ခြင်းလုံးပြိုင်ပွဲကို ကျင်းပခြင်းဖြင့် "ခြင်းလုံးအစ မြန်မာက" ဆိုသည့်အတိုင်း ကမ္ဘာသို့တိုင်အောင် ဖော်ဆောင်နိုင်ရေး၊ မြန်မာ့ရိုးရာ ခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ထိန်းသိမ်းမြှင့်တင်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက် လာစေရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီးအသင်း ခြောက်သင်းမှ အားကစားသမား စုစုပေါင်း ၁၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်ရှင်အနုပညာလုပ်ငန်းများမြှင့်တင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် တွေ့ဆုံ



ရန်ကုန် အောက်တိုဘာ ၁၂

ရုပ်ရှင်အနုပညာ လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးနှင့် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူ ပူပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့အချိန်တွင် ရုပ်ရှင်အနုပညာလောက၏ အခြေအနေသည် ပုံမှန်အခြေအနေနီးပါးသို့ ရောက်ရှိလာပြီဟု ပြောနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် တံ့ဆိုင်း ရပ်ဆိုင်းသွားခဲ့သည့် ရုပ်ရှင်လုပ်ငန်းများ ယခုကဲ့သို့ ပုံမှန်လည်ပတ်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ရပါကြောင်း။

ယခုအခါ ရိုက်ကူးပြီးဇာတ်ကားများ ရုံတင်ပြသနိုင်ရေးအတွက် ဖြစ်ပေါ်နေသည့် အခက်အခဲများနှင့် ကျော်လွှားဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးအဖြေရှာပေးကြရမည် ဖြစ်ပါကြောင်း၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားများကို နိုင်ငံတော်ကဦးစီး၍ ကျင်းပဆောင်ရွက်ပေးခဲ့ပြီး ယင်းအခမ်းအနားနှင့်ပတ်သက်၍ ပြည်သူများထံမှ ကောင်းမွန်သည့် သဘောထားတုံ့ပြန်ချက်များ ရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူစရာ အခမ်းအနားကြီး တစ်ခုပင်ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ အခမ်းအနားကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် မည်သို့စီစဉ်ဆောင်ရွက်သွားမည်ကို ယခုအစည်းအဝေး၌ ဆွေးနွေးပေးစေလိုပါကြောင်း။

ထို့ပြင် နိုင်ငံတကာမှ ဖိတ်ခေါ်သည့် ရုပ်ရှင်ပွဲတော်များတွင် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ပြသနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ အရည်အသွေးရှိသည့် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်နိုင်ရေးအတွက်လည်း ကူညီပေးစေလိုပါကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အစည်းအဝေးသို့ တက်ရောက် လာကြသူများက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

သတင်းစဉ်

## မိုးညှင်းမြို့နယ် သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးစိုက်ပျိုးထားမှု အခြေအနေကို ကွင်းဆင်းကြည့်ရှု

မိုးညှင်း အောက်တိုဘာ ၁၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပုံပိုးငွေရယူ၍ မိုးစပါးစီမံကိန်းဆောင်ရွက်လျက်ရှိသော ကျေးရွာခြောက်ရွာ၊ အသင်းခြောက်သင်း၊ အသင်းသားတောင်သူ ၄၅၃ ဦး၊ စိုက်ဧက ၄,၂၄၉ ဧကတွင် ဆင်းဧကရီ(၃)စပါးမျိုးနှင့် GW-11 စပါးမျိုး လေးဧကကိုလည်း ခြောက်တန်း တစ်တန်းလုပ်စနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားလျက်ရှိသည်။

အဆိုပါမိုးညှင်းမြို့နယ် ပင်းဟဲကျေးရွာရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပုံပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်နေသည့် နေကြာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းရှိ အသင်းသားတောင်သူ ၇၈ ဦး၏ စိုက်ဧကပေါင်း ၄၈၀ အနက်မှ တောင်သူဦးပွဲအောင်၏ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့၏ ထာဝရအကျိုးစီးပွားအတွက် ငြိမ်းချမ်းရေးမှတစ်ပါး အခြားမရှိပါ

**— — — မောင်သမ္မာဒိဋ္ဌိ — — —**

အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်သည် “သမဂ္ဂါနံတပေါသုခေါ” ဟူ၍ “စည်းလုံးညီညာ အောင်ကြောင်းဖြာ”ဟူသော ဒိဋ္ဌဓမ္မဝေဒနိယကံ၏ အကျိုးကို ဟောကြားညွှန်ပြတော်မူခဲ့ပါသည်။

အမိမြန်မာပြည်ကြီးကို “ပထဝီဝင်နိုင်ငံရေး အမြင်” (Geo-Politics Outlook) ဖြင့် ကြည့်မည် ဆိုပါလျှင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၀ ကျော် ဖြင့် “ယဉ်ကျေးမှုကြွယ်ဝသောနိုင်ငံ” (Country of Poly Ethnic and multicultural) တစ်နိုင်ငံအဖြစ် ဝိသေသထူးခြားစွာ တွေ့မြင်ကြရမည်ဖြစ်သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားလာကြပြီး အေးအတူ ပူအမျှ၊ မရှိအတူ ရှိအတူ၊ ကောင်းတူဆိုးဖက်၊ ဥမကွဲ သိုက်မပျက် ရာသက်ပန် ပူးပေါင်းလက်တွဲနေထိုင် ကြသည့် ဝံသာနုရက္ခိတတရားကို အစဉ်အမြဲ လက်ကိုင်ထားကြသူများဖြစ်သည်။

ထူးခြားသော ဝိသေသလက္ခဏာတစ်ရပ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်နယ်များအားလုံး၊ တိုင်းဒေသကြီးများအားလုံး တွင် မည်သည့်ပြည်နယ်၊ မည်သည့်တိုင်းဒေသကြီး၌မဆို တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းသာ သီးသန့်နေထိုင်ခြင်းမျိုး လုံးဝမရှိဘဲ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအားလုံးတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး စုပေါင်းလက်တွဲ နေထိုင်ခြင်းပင်ဖြစ်သည်။

**နှစ်ပေါင်း ၁၀၀ ကျော်ကြာ အင်္ဂလိပ်နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုခံခဲ့ရခြင်း**

နယ်ချဲ့တိုင်းတစ်ပါးသားတို့၏ ကိုလိုနီသူ့ကျွန် ဘဝ၌ ထိုစဉ်က ဂျပန်ဖက်ဆစ်တို့ ကြီးစိုးခဲ့သည့် သုံးနှစ်ကာလ (၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ)ကို ချန်လှပ်၍ အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ၁၂၀ နှစ်ကြာရှည်အောင် (၁) Market= ဈေးကွက်ရှာဖွေခြင်း၊ (၂) Missionary= သာသနာပြုခြင်း၊ (၃) Military= တိုက်ခိုက်သိမ်း ပိုက်ခြင်းဟူသော ကိုလိုနီနယ်ချဲ့စနစ်ဟောင်း၏ “အမ်”သုံးလုံးစနစ် (3-M) ဖြင့် မတရားသိမ်းပိုက် ကြီးစိုးခြယ်လှယ်ခဲ့သည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် တိုင်းရင်းသား သွေးချင်းသားချင်းများအချင်းချင်း စိတ်ဝမ်းကွဲကာ သံသယဖြစ်မှုများ၊ ရန်လိုမှုများဖြစ်ပေါ်လာအောင် ဖန်တီးပေးပြီး အင်္ဂလိပ်နယ်ချဲ့အပေါ် ဆန့်ကျင် တော်လှန်လိုသည့် တိုင်းချစ်ပြည်ချစ်စိတ်၊ ဇာတိသွေး ဇာတိမာန်တို့ကို ရိုက်ချိုးဖျက်ဆီးလိုက်သော “သပ်လျှိုသွေးခွဲအုပ်ချုပ်မှု” (Divide and Rule Policy)ကို လက်တွေ့ကျင့်သုံးခဲ့ကြသည်။

**ကမ္ဘာပေါ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများဆုံးနိုင်ငံ**

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရပြီး မကြာမီမှာပင် ရှေးဦးစွာကြုံတွေ့ ရသည့် နိုင်ငံတော်၏အဖျက်အန္တရာယ်ဆိုးကြီးမှာ ပြည်တွင်းဆူပူသောင်းကျန်းမှုများနှင့် ရောင်စုံ လက်နက်ကိုင်အဖွဲ့အစည်း၏ ထိုးနှက်တိုက်ခိုက် မှုများပင်ဖြစ်သည်။

၁၉၄၈ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် သခင် သန်းထွန်း ဦးဆောင်သော “ဗမာပြည် ကွန်မြူနစ် ပါတီ” (အလံဖြူ) က တောခိုကာ အကြမ်းဖက် လက်နက်ကိုင်လမ်းစဉ်ဖြင့်လည်းကောင်း၊ သခင်စိုး ဦးဆောင်သော ကွန်မြူနစ်ပါတီ ဗမာပြည် (အလံနီ) က သွေးခင်းသော တော်လှန်ရေးလမ်းစဉ်ဖြင့် လည်းကောင်း၊ ရဲဘော်ဖြူတို့ကလည်း တောခိုကာ အကြမ်းဖက်လက်နက်ကိုင် လမ်းစဉ်ဖြင့်လည်း ကောင်း၊ အင်္ဂလိပ်နယ်ချဲ့တို့၏ သွေးထိုးသပ်လျှိုမှု ကြောင့် ပေါ်ပေါက်လာခဲ့သော ကရင်လက်နက်ကိုင် အဖွဲ့ (KNDO) ကလည်း တောခိုကာ အကြမ်းဖက် လက်နက်ကိုင်လမ်းစဉ်ဖြင့် လည်းကောင်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကို ဆန့်ကျင် တိုက်ခိုက်ပြီး တိုင်းရင်းသားပြည်သူတို့ကို ညှဉ်းပန်း နှိပ်စက်သတ်ဖြတ်ခဲ့ကြသည်။

“မြွေပူရာ ကင်းမှောက်” ဆိုသကဲ့သို့ ပြည်တွင်း ဆူပူသောင်းကျန်းမှုကြောင့် ပြည်တွင်းရေးမငြိမ် မသက်ဖြစ်နေချိန်မျိုး၌ ၁၉၅၀ ပြည့်နှစ်မှစ၍ ကူမင်တန် တရုတ်ဖြူစစ်ပြေးတပ်များသည် မြန်မာ နိုင်ငံအတွင်းသို့ ထွက်ပြေးဝင်ရောက်လာကြကာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် ကိုးကန့်နှင့် “ဝ” ဒေသများ၊ တန့်ယန်းဒေသ၊ ကျိုင်းတုံ၊ မိုင်းယောင်း စသည့် နယ်စပ်ဒေသများတွင် ခြေကုပ်ယူခဲ့ကြသည်။ ထိုမှတစ်ဆင့် မိုင်းပါလျှိုး၊ ကျိုင်းလတ်၊ တာလေ၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းတုံ၊ ပုံပါကျင်ဒေသ တို့သို့ ဆက်လက်တိုးချဲ့ကြီးစိုးနေကြသည်။ ဤသို့ တိုင်းပြည်ကနုန၊ မုန်တိုင်းကထန်ထန် ဆိုသကဲ့သို့ လွတ်လပ်ရေးရပြီးခါစ မြန်မာနိုင်ငံ၏ ပိုင်နက် နယ်မြေအတွင်းသို့ နိုင်ငံခြားတပ်ဖွဲ့များ ပထမဦးဆုံး ကျူးကျော်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့အချုပ် အခြာအာဏာကို ခြိမ်းခြောက်ခံခဲ့ရသည်။

မြန်မာ့တပ်မတော်သည် ပြည်တွင်းဆူပူသောင်း ကျန်းမှုများကို နှိမ်နင်းတိုက်ခိုက်နေရင်းမှပင် အင်အားထုတ်နုတ်ပြီး တရုတ်ဖြူတပ်များကို နဂါးနိုင်၊ ဘုရင့်နောင်၊ ရန်ကြီးအောင်၊ ဆင်ဖြူရှင်၊ မဲခေါင်စစ်ဆင်ရေးတို့ဖြင့် တိုက်ခိုက်နှိမ်နင်းခဲ့ရပြန် သည်။ တရုတ်ဖြူတပ်များသည် အမေရိကန်၏ အထောက်အပံ့အကူအညီများစွာရရှိထား၍ အင်အား တောင့်တင်းနေသော်လည်း မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားတို့ပူးပေါင်း၍ တိုက်ခိုက်နှိမ်နင်းနိုင် ခဲ့ပြီး အောင်ပွဲခံရုံမျှမက ပြည်ပကျူးကျော်တပ်များ ကို အားပေးအားမြှောက်ပြုခဲ့သည့် အမေရိကန်၏ မြန်မာ့ပြည်တွင်းရေးစွက်ဖက်မှုကို မြန်မာအစိုးရက ကုလသမဂ္ဂသို့ တိုင်တန်းခဲ့ရာ အမေရိကန်ဩဇာခံ ကူမင်တန်တရုတ်ဖြူတို့၏ ကျူးကျော်တပ်ဖွဲ့များ အန္တရာယ်မှ ကင်းဝေးသွားခဲ့ရသည်။

**အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုများ**

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ဖဆပလအစိုးရ ၏ ပါလီမန်ဒီမိုကရေစီအုပ်ချုပ်ရေးကာလ၊ ၁၉၅၉ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ အိမ်စောင့်အစိုးရ အုပ်ချုပ်ရေးကာလနှင့် ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ် အထိ “ပထစအစိုးရ” အုပ်ချုပ်ရေးကာလတို့တွင် လည်း ပြည်တွင်းငြိမ်းချမ်းရေးအတွက် တတ်နိုင် သရွေ့ စွမ်းဆောင်ခဲ့ကြသည်ကိုတွေ့ရသည်။

ဖဆပလအစိုးရလက်ထက်တွင် အုပ်စုဖွဲ့ကာ ဂိုဏ်းကွဲ၊ အုပ်စုကွဲများဖြစ်ပေါ်လာခဲ့ပြီး “ဦးနု၊ သခင်တင်ဦးဆောင်သော နု-တင် သန့်ရှင်းဖဆပလ အုပ်စု”၊ “ဦးဗဆွေ၊ ဦးကျော်ငြိမ်း ဦးဆောင်သော ဆွေ-ငြိမ်း တည်မြဲဖဆပလအုပ်စု”ဟူ၍ နှစ်ခြမ်းကွဲ ခဲ့ကြသည်။ နိုင်ငံရေးပါတီများ၏ ဂိုဏ်းဂဏကွဲများ သည် ကိုယ့်အုပ်စုနှင့်ကိုယ် နိုင်ငံရေးအာဏာရရှိရေး၊ အုပ်ချုပ်ရေးအာဏာဆုပ်ကိုင်နိုင်ရေး၊ ပုဂ္ဂိုလ်ရေး အရ ခေါင်းဆောင်နေရာရရှိရေးတို့ အပြိုင်အဆိုင် ကြိုးပမ်းကြရင်း ခါးပိုက်ဆောင်လက်နက်ကိုင်အဖွဲ့ များသည် သူတို့နည်းသူတို့ဟန်ဖြင့် ဖွဲ့စည်းကာ အားပြိုင်ခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသား ပြည်သူများမှာ အစိုးရခါးပိုက်ဆောင် လက်နက်ကိုင် တပ်များ၏ အန္တရာယ်ရန်စွယ်ကိုလည်း ကြောက်ရ၊ သောင်းကျန်းသူများ၏ရန်ကိုလည်း ကြောက်ရဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ ဓားပြတိုက် ပြန်ပေးဆွဲမှု၊ ရွာဝင်မီးရှို့လုယက်မှုများ နေရာအနှံ့ အပြားဖြစ်ပွားခဲ့သည်။ ထိုသို့ ပြည်ထောင်စုကြီးဖရိုဖရဲပြိုကွဲရတော့မည့်အခြေအနေသို့ ရောက်လာ သောအခါ ဝန်ကြီးချုပ်ဦးနုက ထိုစဉ်က ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းအား နိုင်ငံတော်၏ အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူရန် အကူအညီ တောင်းခံပြီး ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် နိုင်ငံတော်အာဏာကို တပ်မတော်သို့ လွှဲပြောင်းပေးခဲ့သည်။

အိမ်စောင့်အစိုးရ တာဝန်ယူခဲ့ရသော တပ်မတော်သည် တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် လုံခြုံရေးကောင်စီများ ဖွဲ့စည်းကာ နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာ ရေးတို့ကို တည်ဆောက်ပေးခဲ့ပြီး ပြည်တွင်းဆူပူ သောင်းကျန်းမှုများကို ထိရောက်စွာနှိမ်နင်းခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် လုံခြုံ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကို ကျင်းပကာ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ဦးနုခေါင်းဆောင်သော ပထစ (ပြည်ထောင်စု) အစိုးရအဖွဲ့အား နိုင်ငံတော်အာဏာကို စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

သို့ရာတွင် ပထစအစိုးရအဖွဲ့အတွင်း အုပ်စုကွဲ များပါဝင်ပြီး အာဏာလုအားပြိုင်မှုများ ဖြစ်ပေါ် လာခြင်း၊ ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ‘ကေအိုင်အေ’ (KIA) ပေါ်ပေါက်လာခဲ့ပြီး အစိုးရနှင့် တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ခြင်း၊ ထိုစဉ်က ရှမ်းပြည်နယ်မှ ပဒေသရာဇ်စော်ဘွားဟောင်းအချို့ က ရှမ်းပြည်နယ်အား ပြည်ထောင်စုကြီးမှ ခွဲထွက် ပြီး အမေရိကန် “ဆီတိုးစစ်အုပ်စု”ထဲသို့ ဝင်ရောက် မည့်အစီအစဉ်နှင့်အတူ ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်ကြောင့် တပ်မတော်သည် အမျိုးသားရေး နှင့် သမိုင်းရေးလိုအပ်ချက်များအရ မလွှဲမရှောင်သာ ဘဲ နိုင်ငံတော်အာဏာကို အချိန်မီရယူထိန်းသိမ်းခဲ့ရ သည်။

၁၉၆၃ ခုနှစ်တွင် တောတွင်းလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရာ တွင် ကွန်မြူနစ်ပါတီ (ဗမာပြည်) ကိုယ်စားလှယ် အဖွဲ့၊ ရခိုင်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့၊ ရှမ်းအမျိုးသားတပ်ပေါင်းစုနှင့် ရှမ်းပြည်လွတ် မြောက်ရေးတပ်မှ ကိုယ်စားလှယ်အဖွဲ့၊ ကချင် လွတ်လပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့၊ ရဲဘော်ဌေးဦးဆောင်သော ဗမာပြည်ကွန်မြူနစ် ပါတီကိုယ်စားလှယ်အဖွဲ့၊ မန်းဘဇံဦးဆောင်သော ကေအင်န်ယူပါတီ၊ မွန်ပြည်သစ်ပါတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့ ပါဝင် သည့် သုံးပါတီကိုယ်စားလှယ်အဖွဲ့၊ မုဆိုး ကော်ကဆာစောဟန်တာသာမွှေး ဦးဆောင်သော ကရင်တော်လှန်ရေးကောင်စီ ကိုယ်စားလှယ် ပါတီအဖွဲ့တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအစိုးရလက်ထက်တွင် နိုင်ငံတော် အထွေထွေလွတ်ငြိမ်းချမ်းသာကာလ သတ်မှတ် ပေး၍ တောတွင်းလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။

**“နိုင်ငံရေးပါတီများ၏ ဂိုဏ်းဂဏကွဲများသည် ကိုယ့်အုပ်စုနှင့်ကိုယ် နိုင်ငံရေး အာဏာရရှိရေး၊ အုပ်ချုပ်ရေးအာဏာဆုပ်ကိုင်နိုင်ရေး၊ ပုဂ္ဂိုလ်ရေးအရ ခေါင်းဆောင်နေရာရရှိရေးတို့ အပြိုင်အဆိုင် ကြိုးပမ်းကြရင်း ခါးပိုက်ဆောင် လက်နက်ကိုင်အဖွဲ့များသည် သူတို့နည်း သူတို့ဟန်ဖြင့် ဖွဲ့စည်းကာ အားပြိုင် ခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများမှာ အစိုးရခါးပိုက်ဆောင် လက်နက်ကိုင်တပ်များ၏ အန္တရာယ်ရန်စွယ်ကိုလည်းကြောက်ရ၊ သောင်းကျန်း သူများ၏ရန်ကိုလည်းကြောက်ရဖြင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ ဓားပြတိုက် ပြန်ပေးဆွဲမှု၊ ရွာဝင်မီးရှို့လုယက်မှုများ နေရာအနှံ့အပြားဖြစ်ပွားခဲ့”**

**“တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် သမ္မတကြီးဦးသိန်းစိန်၊ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (ထိုစဉ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်)၊ လွှတ်တော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံများမှ သံတမန်များ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနား ထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်ကြီးမှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် စာချုပ်ဖြစ်၍ မည်သည့်အချိန်မှု ပျက်ပြယ်မှုလုံးဝမရှိဘဲ တည်ရှိ သည့် သမိုင်းဝင်စာချုပ်ကြီးပင်ဖြစ်”**

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့(တပ်မတော်အစိုးရ)လက်ထက်တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို လိုလားပြီး စိတ်ကောင်းစေတနာရှိကြသော တိုင်းရင်းသားငြိမ်းချမ်းရေးအကျိုးဆောင်များသည် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ပါဝင်ကူညီခဲ့ကြသည်။ တပ်မတော်ကလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဝမ်းမြောက်ဝမ်းသာလက်ကမ်းကြိုဆိုပြီး တပ်မတော်ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ဝင်များလည်းဖြစ်ကြသည့် အကြီးအကဲများက သဘောထားကြီးစွာဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ကြရာ နှစ်ပေါင်းများစွာတောတွင်း၌ လက်နက်ကိုင်လှုပ်ရှားခဲ့ကြသော တိုင်းရင်းသားညီအစ်ကို (၁၇) ဖွဲ့သည် တပ်မတော်၏ စေတနာမှန်ကို လက်ခံလာကြသည့်အလျောက် တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ထိုအဖွဲ့အစည်းများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတိုင်းရင်းသားညီအစ်ကိုများ၊ တပ်မတော်နှင့်အတူ တက်ကြွစွာပါဝင်လျက် ပြည်ထောင်စုကြီးအကျိုးကို လက်တွဲဆောင်ရွက်ခဲ့ကြပြီး လက်နက်များနှင့် ငြိမ်းချမ်းရေးကို လဲလှယ်ခဲ့ကြသည်။ ထိုအဖွဲ့အစည်းများမှာ-

(၁) မြန်မာနိုင်ငံလူမျိုးစုများ ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစု (၃၁-၃-၁၉၈၉)
(၂) မြန်မာပြည် သွေးစည်းညီညွတ်ရေးပါတီ (၅-၉-၁၉၈၉)
(၃) ရှမ်းပြည်တပ်မတော် (SSA) (၁၀-၁၁-၁၉၈၉)
(၄) အမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့ (ရှမ်း/အခါ) (၃၀-၆-၁၉၈၉)
(၅) ဒီမိုကရေစီသစ်တပ်မတော် (၁၅-၁၂-၁၉၈၉)
(၆) ကချင်အမျိုးသားတိုးတက်ရေးနှင့် လုံခြုံရေးတပ်မတော် (၁-၁၁-၁၉၉၁)
(၇) ပလောင်လွတ်မြောက်ရေးတပ်မတော် (၂၁-၄-၁၉၉၁)
(၈) ပအိုဝ်းအမျိုးသားအဖွဲ့ (၁၈-၂-၁၉၉၁)
(၉) ကယန်းအမျိုးသားတပ်မတော် (၂၇-၂-၁၉၉၂)
(၁၀)ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) (၂၄-၂-၁၉၉၄)
(၁၁)ကယန်းပြည်သစ်ပါတီ (၂၆-၇-၁၉၉၄)
(၁၂)ရှမ်းပြည်နယ် လူမျိုးစုပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (၉-၁၀-၁၉၉၄)
(၁၃)(က) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (၂၁-၃-၁၉၉၅)
(ခ) ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး
(၁၄)မွန်ပြည်သစ်ပါတီ (၂၉-၆-၁၉၉၅)
(၁၅)လွယ်မော်အဖွဲ့ (MTA) (၅-၁-၁၉၉၆)
(၁၆)ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) (ဘီစီပီ) ရခိုင်ပြည်နယ် (၄-၆-၁၉၉၇)
(၁၇)(က) ဗုဒ္ဓဘာသာကရင်အဖွဲ့ (ဒီကေဘီအေ) (၁-၁၂-၁၉၉၄)
(ခ) ခွဲထွက် KNU တပ်မဟာအဖွဲ့ (ကြာအင်းဆိပ်ကြီး ဦးစောသမူဟဲအဖွဲ့) (၂၄-၂-၁၉၉၇)
(ဂ) ခွဲထွက် KNU အဖွဲ့ (ဖဒိုအောင်ဆန်းအဖွဲ့) (၁၇-၄-၁၉၉၈)
(ဃ) ခွဲထွက် KNU အဖွဲ့ (ဦးစောဖဲရီမိုး) (၈-၁၁-၁၉၉၇) အဖွဲ့တို့သည် ယှဉ်တွဲဖော်ပြပါရက်စွဲများအတိုင်း တရားဥပဒေဘောင်အတွင်းသို့ အသီးသီးဝင်ရောက်ခဲ့ကြသည်။

**ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)**

"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement)"ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် သမ္မတကြီး ဦးသိန်းစိန်၊ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (ထိုစဉ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်)၊ လွှတ်တော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံများမှ သံတမန်များ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာလက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်ကြီးမှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့်စာချုပ်ဖြစ်၍ မည်သည့်အချိန်မျှ ပျက်ပြယ်မှုလုံးဝမရှိဘဲ တည်ရှိသည့် သမိုင်းဝင်စာချုပ်ကြီးပင်ဖြစ်ပါသည်။

> **"လွှတ်လပ်ရေးနှင့်အတူ အင်္ဂလိပ်နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုဆိုးမွေကြီးအဖြစ် ပေါ်ပေါက်လာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်ထောင်စုဖွားမိဘပြည်သူများ ညီအစ်ကိုမောင်နှမများမှာ လွတ်လပ်ရေးရပြီး ယနေ့ ၇၅ နှစ်တိုင်အောင် တည်ငြိမ်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်မှုဟူသော လွတ်လပ်ရေးအရသာကို မခံစားကြရဘဲ ရှိနေကြသည်။ လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး သို့မဟုတ် တိုင်းပြည်နှင့် လူမျိုးကို အနိဋ္ဌာရုံဆိုးကျိုးများ ပေးရုံမျှမက သမင်မွေးရင်း ကျားစားရင်း ဆိုသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ရစ်ခဲ့ရ"**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော ဦးဆောင်ပုဂ္ဂိုလ်အားလုံးတို့သည် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ရေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုသမ္မတနိုင်ငံတော် တည်ဆောက်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာစွာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို ဆွေးနွေးညှိနှိုင်းအဖြေရှာလျက် နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းသည့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို အစဉ်တစိုက်သွားရန်ပင်ဖြစ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်သည် နှစ်ဖက်အပြန်အလှန်ထားရှိကြသော ကတိကဝတ်များကို စောင့်ထိန်းပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ခံခြင်း၊ တာဝန်ယူခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်သွားရန်လည်းဖြစ်သည်။

ထို့ပြင် ပြည်သူလူထုအား လူတစ်ဦးတစ်ယောက်၏ဂုဏ်သိက္ခာကို ထိပါးစေသည့်လုပ်ရပ်၊ အကြမ်းဖက်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားမဆန်စွာပြုမူဆက်ဆံခြင်း၊ အကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အဓမ္မပြုကျင့်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်မှန်သမျှကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။

စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများကို အကြောင်းမဲ့ဖျက်ဆီးခြင်း၊ ပညာသင်ကြားရေးအခွင့်အရေးများကို နှောင့်ယှက်ပိတ်ပင်ခြင်း၊ ပညာရေးဆိုင်ရာပစ္စည်းများနှင့်အတူ စာသင်ကျောင်းအဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ပညာသင်ယူနေသူများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရန်လည်း တားမြစ်ထားသည်။

အမျိုးသမီးများအား ဗလက္ကာရပြုခြင်း၊ လိင်အကြမ်းဖက်ခြင်း၊ အဓမ္မသားမယားပြုကျင့်ခြင်း၊ လိင်မှုဆိုင်ရာကျူးလွန်ပြုခြင်း မပြုလုပ်ရန်လည်း တားမြစ်ထားသည်။

ပြည်သူလူထုထံမှ ငွေ၊ ပစ္စည်းဥစ္စာ၊ စားရေရိက္ခာ၊ လုပ်အားနှင့် ဝန်ဆောင်မှုများကို အဓမ္မတောင်းခံရယူခြင်း မပြုရန်လည်း တားမြစ်ထားသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs = Ethnic Armed Organizations) သည် အရပ်သားပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အပစ်ရပ်နယ်မြေများအတွင်း လွတ်လပ်စွာသွားလာခွင့်ပြုပြီး အပစ်ရပ်နယ်မြေအတွင်းရှိ ပြည်သူလူထု၏ လူမှုဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် စသည့်သတ်မှတ်သဘောတူချက်များသည် မြန်မာပြည်ထာဝရငြိမ်းချမ်းရေးအတွက် အမှောင်ခွင်း၍ အလင်းဆောင်ပေးသည့် မီးရှူးတန်ဆောင်ကြီးသဖွယ်ဖြစ်သည်ကို အားလုံးတွေ့မြင်သိရှိကြပြီးဖြစ်ပါသည်။

**ကမ္ဘာတည်သမျှ ကြာရှည်ထာဝရ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ (တပ်မတော်အစိုးရ) လက်ထက်တွင် အစိုးရနှင့် တပ်မတော်၏ စိတ်ရင်းစေတနာကောင်းနှင့် မွန်မြတ်သောသဘောထားကို သိရှိနားလည်လက်ခံကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇) ဖွဲ့သည် တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေးအတွက် "လူကြီးလူကောင်းတို့၏ သဘောတူညီချက်" (Gentleman Agreement) ဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအောင်မြင်မှုနိဒါန်းကို စတင်ပေးနိုင်ခဲ့သည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ထောင်စုတစ်ဝန်းလုံးမှ ဆန္ဒမဲပေးခွင့်ရှိသူ ၂၇၂၈၈၂၇ ဦးအနက် ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြပြီး ထိုသို့ဆန္ဒမဲပေးသူများအနက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက အတည်ပြုခဲ့သည်။ ထိုအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို နှစ်ကြိမ်တိုင်အောင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်အချုပ်အခြာအာဏာ၏ အဓိကမဏ္ဍိုင်ကြီး (၃) ရပ် ဖြစ်သည့် (၁) ဥပဒေပြုရေးမဏ္ဍိုင်၊ (၂) အုပ်ချုပ်ရေးမဏ္ဍိုင်၊ (၃) တရားစီရင်ရေးမဏ္ဍိုင်တို့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲများဖြင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်လည်း ရရှိထားပြီးဖြစ်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကို အပြီးတိုင်စွန့်လွှတ်ကာ နိုင်ငံရေးနည်းဖြင့်သာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို ကြိုဆိုပူးပေါင်းလက်တွဲဆောင်ရွက်ရန်သာရှိပါတော့သည်။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သော ပထမအကြိမ်ဒီမိုကရေစီအစိုးရလက်ထက် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ငြိမ်းချမ်းရေးကမ်းလှမ်းမှုများပြုလုပ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အတူတကွပူးပေါင်းညှိနှိုင်းရေးဆွဲခဲ့ကြသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် "လိုင်ဇာညီလာခံ"၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြသည်။ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် တစ်ခုတည်းသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (မူကြမ်း) ရရှိခဲ့သည်။

NCA ပထမစာချုပ်မူကြမ်းကို သဘောတူညီမှုရရှိအောင် (၆) ကြိမ်တိုင်တိုင် အပြန်ပြန်အလှန်လှန်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အခန်းတစ်ခန်းချင်း၊ ပုဒ်မတစ်ခုချင်း၊ စာပိုဒ်တစ်ပိုဒ်ချင်း၊ စာလုံးအသုံးအနှုန်းတစ်ခုချင်းကို အသေးစိတ် အကျေအလည်ဆွေးနွေးခဲ့ပြီး အားလုံးသဘောတူညီချက်ရရှိပြီးမှသာ စာချုပ်တွင် ထည့်သွင်းရေးသားဖော်ပြခဲ့ခြင်းပင်ဖြစ်သည်။ NCA တွင်ပါဝင်သည့် သဘောတူညီချက်အားလုံးနီးပါးမှာ တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ တင်ပြချက်များအပေါ်အခြေခံပြီး အစိုးရနှင့် တပ်မတော်ဘက်က ညှိနှိုင်းပေးခဲ့ခြင်းပင်ဖြစ်သည်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တို့၏ ဝိုင်းဝန်းကြိုးပမ်းမှု၊ စိတ်ရှည်သည်းခံမှု၊ သဘောထားကြီးမှု၊ အနစ်နာခံကြိုးစားအားထုတ်မှုများကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့နှင့် သမိုင်းဝင်သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယခု ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် သမိုင်းဝင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA – Nationwide Ceasefire Agreement) သည် (၈) နှစ် ပြည့်မြောက်လာပြီဖြစ်ပါသည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရက အမိမြန်မာပြည်ကို နှစ်ပေါင်း ၁၀၀ ကျော် ကိုလိုနီကျွန်ပြုခဲ့သည့် အနိဋ္ဌာရုံဘဝဆိုးကြီးထဲမှ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ အသက်သွေးချွေးများစွာကိုပေး၍ ဆုံးရှုံးသွားခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူခဲ့ရပေသည်။ ထိုသို့ရယူခဲ့ရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှု၏ အမြုတေရတနာဖြစ်သော သမိုင်းဝင်ပင်လုံစာချုပ်ကြီးကြောင့် လွတ်လပ်ရေးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် တည်တံ့ခိုင်မြဲစွာ ရပ်တည်နေနိုင်ခြင်းပင်ဖြစ်ပါသည်။

သို့ရာတွင် လွတ်လပ်ရေးနှင့်အတူ အင်္ဂလိပ်နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုဆိုးမွေကြီးအဖြစ် ပေါ်ပေါက်လာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်ထောင်စုဖွားမိဘပြည်သူများ ညီအစ်ကိုမောင်နှမများမှာ လွတ်လပ်ရေးရပြီး ယနေ့ ၇၅ နှစ်တိုင်အောင် တည်ငြိမ်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်မှုဟူသော လွတ်လပ်ရေးအရသာကို မခံစားကြရဘဲ ရှိနေကြသည်။ လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး သို့မဟုတ် တိုင်းပြည်နှင့် လူမျိုးကို အနိဋ္ဌာရုံဆိုးကျိုးများပေးရုံမျှမက သမင်မွေးရင်း ကျားစားရင်း ဆိုသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ရစ်ခဲ့ရသည်။

NCA စာချုပ်တွင် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နှစ်ပေါင်း ၇၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခများမှ နိုင်ငံရေးသင်ခန်းစာရယူပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအကျိုးတို့ကို ဦးထိပ်ထား၍

*စာမျက်နှာ ၈ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့အခြေစိုက် Universa Global ကုမ္ပဏီ တည်ထောင်သူနှင့် စီမံခန့်ခွဲရေးမိတ်ဖက်ဖြစ်သူ Mr. Alexander Borodich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့အခြေစိုက် Universa Global ကုမ္ပဏီတည်ထောင်သူနှင့် စီမံခန့်ခွဲရေးမိတ်ဖက်ဖြစ်သူ Mr. Alexander Borodich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# " ပင်စင်အကြောင်းသိကောင်းစရာများ" ခေါင်းစဉ်ဖြင့် အသိပညာမျှဝေဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေရေး အစီအစဉ် (Knowledge Sharing Program–KSP) အရ ကျင်းပသည့် ဆွေးနွေးပွဲ အမှတ်စဉ် (၃၄) ကို "ပင်စင်အကြောင်း သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီရုံး တို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးက ယနေ့ဆွေးနွေးပွဲတွင် ပင်စင်အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် တည်ဆဲအမိန့်၊ ညွှန်ကြားချက်များ၊ အခြား ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လက်တွေ့ဆောင်ရွက်ရမှုများကို ဆွေးနွေးပေးသွားမည်ဟု သိရှိရကြောင်း၊ တက်ရောက်လာသူများအနေဖြင့် ယနေ့ဆွေးနွေးမည့် အကြောင်းအရာများကို ဂရုပြုမှတ်သားခြင်း၊ အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းဖြင့် ရှင်းလင်းစွာ သိရှိနားလည်ပြီး လုပ်ငန်းခွင်တွင် ထိရောက်အကျိုးရှိစွာ ပြန်လည်အသုံးချကြစေ လိုကြောင်း တိုက်တွန်းပြောကြားသည်။



ထို့နောက် ပင်စင်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်စုကြည်က ပင်စင်ခံစားခွင့်ရရှိရန် အဓိကလိုအပ်ချက်များ၊ ပင်စင်အမှုတွဲစိစစ်ရာတွင် ရည်ညွှန်းကိုးကားရမည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ၊ ပင်စင်အမျိုးအစားအလိုက် ပင်စင်အကျိုးခံစားခွင့်များ၊ ပင်စင်လစာ၊ လုပ်သက်ဆုငွေ တွက်ချက်မှု၊ လုပ်သက်ရေတွက်မှုနှင့် လုပ်သက်ဆက်စပ်ခြင်းဆိုင်ရာ ညွှန်ကြားချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**

## နိုင်ငံရေးအနှစ်သာရနှင့် ပြည်သူ့ဆန္ဒ

❖ နိုင်ငံရေးပြဿနာ
အဖြေရှာ စစ်ရေးနည်းဖြင့်
မပြီးနိုင်ပါ၊
စားပွဲဝိုင်း မျက်နှာစာမှာ
ယုံကြည်စွာ အမြင်အတွေး
ဆွေးနွေးမှသာ၊
နိုင်ငံရေး ယဉ်ကျေးစဉ်လာ
ထူထောင်ကာ ဖော်ဆောင်ကြ၊
လက်နက်ကိုင် ပဋိပက္ခ
ချုပ်ငြိမ်းမှာ ထာဝရ
"ပြည်ထောင်စု" ဘဝ။

❖ အသွင်ကူးပြောင်းစဉ်ကာလ
အစိုးရ ဦးဆောင်ကာ၊
ဖိတ်ခေါ်ကာ နွေးနွေးထွေး
ဆွေးနွေး အဖြေရှာ၊
"အင်န်စီအေ" စာချုပ်ပေါ်လာ
အကြိုက်ညီကာ ဘဝင်အေး၊
ပစ်ခတ်မှုရပ်စဲရေး
ဖော်ဆောင်ကာ တစုတဝေး
ငြိမ်းချမ်းဖို့အရေး။

❖ လမ်းကြောင်းက "အင်န်စီအေ"
တွဲလက်တွေ မဖြုတ်စတမ်း
လှမ်းကြမယ်လေ၊
ငြိမ်းချမ်းပန်း တဝေဝေ
လှမ်းဆွတ်ခြွေ တူတကွ၊
ပန်ကြမယ် ဝေအမျှ
နိုင်ငံရေး နှစ်သာရ
ပြည်သူတွေ လွန်တောင့်တ
တူညီဆန္ဒ။

(NCA စာချုပ် ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

**ကျော်စောဟန်**

## အနောက်တောင်မုတ်သုံလေဆုတ်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၂**

လွန်ခဲ့သော (၂၄) နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၇ မှ*

လက်နက်ကိုင်လမ်းစဉ်ကို အပြီးတိုင်စွန့်လွှတ်ကာ နိုင်ငံတော်တည်ဆောက်ရေး (Nation Building) ကဏ္ဍအသီးသီးတွင် နိုင်ငံရေးနည်းဖြင့် ပူးပေါင်းလက်တွဲပါဝင်ဆောင်ရွက်ပြီး အမှောင်ခွင်း၍ အလင်းကို ဆောင်သင့်ကြပြီဖြစ်ပါသည်။

ပြည်ထောင်စုကြီး၏အင်အားသည် ပြည်ထောင်စုအတွင်းရှိ ပြည်နယ်များအားလုံး၊ တိုင်းဒေသကြီးများအားလုံးတို့၏ ပေါင်းစည်းအားပင်ဖြစ်သည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင်သာ တည်မှီနေပါသည်။ ယနေ့ ကိုလိုနီလက်သစ်တို့နှင့် သူတို့၏ဩဇာခံကျွန်လက်သစ် အမျိုးသားသစ္စာဖောက်တို့၏ ဖြားယောင်းသွေးဆောင်၍ သပ်လျှိုသွေးခွဲမှုတို့ကို ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် တွန်းလှန်ကာကွယ်ကာ လူမျိုးရေးသက်သက်၊ ဒေသစွဲ ကွက်ကွက်ကိုသာ ကြည့်ရှုသည့်အမြင်နှင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲဟူသော အမှားစွန်းများကို ရှောင်ကြဉ်ကာ စိတ်ကောင်းစေတနာ၊ သဘောထားကြီးမှု၊ ခွင့်လွှတ်နိုင်မှု၊ ညီညွတ်မျှတမှု၊ ဉာဏ်ပညာ အမြော်အမြင်ရှိမှုတို့ကို အခြေခံဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများ၊ ညီအစ်ကိုမောင်နှမများသည် မြန်မာ့သမိုင်းအရုဏ်ဦးကာလကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားကြကာ အေးအတူပူအမျှ၊ မရှိအတူ ရှိအတူ အတူတကွ ထာဝရပူးပေါင်းလက်တွဲနေထိုင်ကြသူများဖြစ်ကြသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သမျှ ကြာရှည်ထာဝရ တည်တံ့ခိုင်မြဲနေအောင် နိုင်ငံတော်၏ အဓိကအမျိုးသားရေးမူဝါဒကြီး(၃)ရပ်ဖြစ်သည့် (၁)ပြည်ထောင်စုမပြိုကွဲရေး၊ (၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ (၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး အစဉ်ခံယူကျင့်သုံးသွားကြရမည်ဖြစ်ပါသည်။ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်ခံယူကျင့်သုံး ဆောင်ရွက်နေခြင်းသည် ပြည်ထောင်စုပြိုကွဲမှု လုံးဝမဖြစ်နိုင်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှာလည်း လုံးဝပျက်ပြားစရာမရှိဘဲ မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည်လည်း ကမ္ဘာတည်သမျှ ကြာရှည်ထာဝရ တည်တံ့ခိုင်မြဲနေမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ ထို့ကြောင့် မာန်မာနအာဃာတများကို ခဝါချပြီး ဝံသာနုရက္ခိတတရားဖြင့် တစ်မျိုးသားလုံး အမျိုးသားအကျိုးစီးပွားအတွက် ငြိမ်းချမ်းရေးမှတစ်ပါး အခြားမရှိနိုင်ပါဟု အရေးထားလေးစားစွာဖြင့် ရေးသားဖော်ပြအပ်ပါသတည်း။ ။

**အကိုးအထောက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအဖွဲ့အစည်းအဝေးများရှိ လမ်းညွှန်မိန့်ကြားချက်များ
၂။ ပြည်ထောင်စုစိတ်ဓာတ် (သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၁ ခုနှစ်)
၃။ ကိုယ်တွေ့ပင်လုံ(မဟာသရေစည်သူ ပင်လုံ ဦးဖေခင်၊ နိုင်ငံဂုဏ်ရည် ပထမဆင့်) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ၁၉၈၉ ခုနှစ်)
၄။ ပြည်တော်သာခရီး(ဦးသန့်) စာပေဗိမာန်ပုံနှိပ်တိုက်၊ ပြန်ကြားရေးဝန်ကြီးဌာန ၁၉၆၁ ခုနှစ်

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၅) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

တပ်မတော်(လေ) ၏ လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၅) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် တက်ရောက် မိန့်ခွန်းပြောကြားသည်။**(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယ ဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

**ချီတက်အလေးပြု**

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(လေ) အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် နည်းပြလေသူရဲများက အမောင်းသင်လေယာဉ်များ၊ အမောင်းသင်ရဟတ်ယာဉ်များဖြင့် အုပ်ဖွဲ့ပျံသန်း၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်အား အလေးပြုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်းအပ်နှင်းသည်။



**ထူးချွန်ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်မောင်းသင်တန်း အမှတ်စဉ် (၈၅) မှ စံပြလေသူရဲဆုရ ဗိုလ် အာကာထက်ညီ ကိုလည်းကောင်း၊ လေယာဉ်မောင်းထူးချွန်ဆုရ ဗိုလ် ရဝေအောင် ကိုလည်းကောင်း၊ စာပေထူးချွန်ဆုရ ဗိုလ် ရဲမာန် ကိုလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် လေယာဉ်မောင်းသင်တန်းကာလတစ်လျှောက် ကိုယ်စိတ်နှစ်ဖြာလုံး အပင်ပန်းခံကာ အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့ကြသည့်အတွက် ယနေ့တွင် လေသူရဲတောင်ပံကို ဂုဏ်ယူဖွယ် တပ်ဆင်ခွင့်ရခဲ့ကြပြီဖြစ်ပါကြောင်း၊ လေသူရဲအရာရှိငယ်များ ဖြစ်လာပြီဖြစ်သည့် ရဲဘော်တို့သည် သက်ဆိုင်ရာပျံသန်းရေးအုပ်အသီးသီးတွင် စစ်ဆင်ရေးနှင့် လေ့ကျင့်ရေးအပါအဝင် ပေးအပ်လာသည့် တာဝန်ဝတ္တရားအမျိုးမျိုးကို ထမ်းဆောင်ကြရတော့မည်ဖြစ်သည့်အတွက် ပျံသန်းရေးအုပ်အသီးသီးတွင် ပျံသန်းရေးတာဝန်များသာမက ကွပ်ကဲမှု၊ အုပ်ချုပ်မှုနှင့် အခြားလုပ်ငန်းတာဝန်များကိုလည်း သက်ဆိုင်ရာ တပ်မှူးအဆင့်ဆင့်၏ ကွပ်ကဲကြီးကြပ်မှုနှင့် လက်အောက် အကြပ်စစ်သည်များကို ဦးစီးဦးဆောင်ကာ ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မည်သည့်တာဝန်မျိုးပင် ထမ်းဆောင်ရသည်ဖြစ်ပါစေ စစ်သားကောင်းတစ်ယောက်၊ အရာရှိကောင်းတစ်ယောက်ပီသစွာ ကွပ်ကဲကြီးကြပ်မှု အနည်းဆုံးနှင့် မိမိကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အကောင်းဆုံးနှင့် အအောင်မြင်ဆုံးဖြစ်အောင် ထမ်းဆောင်သွားရမည်ကို မှာကြားလိုပါကြောင်း။

တပ်မတော်(လေ)သည် တပ်မတော်၏ အဓိကအစိတ်အပိုင်းတစ်ရပ် ဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အန္တရာယ်အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်းတွင် ကျရာကဏ္ဍမှ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်နှင့် စွမ်းစွမ်းတမံ ပါဝင်ကူညီထမ်းဆောင်ပေးလျက် ရှိပါကြောင်း၊ တပ်မတော်၏ အဓိကတာဝန်ကြီးသုံးခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကိုလည်း ဆတက်ထမ်းပိုး ကျေကျေပွန်ပွန် သယ်ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် တပ်အသီးသီးရှိ တပ်မတော်(လေ) အရာရှိ/ စစ်သည်များသည် လေကြောင်းစစ်ဆင်ရေးတာဝန်များ၊ စစ်ဆင်ရေးအထောက်အကူပြု ပျံသန်းရေးတာဝန်များ၊ နယ်မြေလုံခြုံရေးတာဝန်များ၊ အခြားအထောက်အကူပြု တာဝန်များကို နေ့ညရာသီမရွေး စွန့်စွန့်စားစား ထမ်းဆောင်နေကြသည်ကို ထင်ထင်ရှားရှား တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

တပ်မတော်(လေ)ကိုလည်း ခေတ်မီလေတပ်မတော်တစ်ခု ဖြစ်လာစေရန် ရည်ရွယ်ပြီး စွမ်းရည်မြင့်မားသည့် ခေတ်မီလေယာဉ်/ ရဟတ်ယာဉ်များ၊ လက်နက်စနစ်များ၊ စစ်ဆင်ရေး အထောက်အကူပြုစနစ်များ နှစ်စဉ် ဖြည့်တင်းအဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကိုလည်း မိမိတို့ပကတိအခြေအနေနှင့် လိုက်လျောညီထွေ လက်တွေ့အသုံးချနိုင်ရန် လေ့လာအဆင့်မြှင့်တင်ကာ လေ့ကျင့်ပေးနေပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်နှင့်အညီ ရဲဘော်တို့အနေနှင့်လည်း တိုးတက်ပြောင်းလဲနေသည့် စစ်လက်နက်ပစ္စည်း၊ စစ်အသုံးအဆောင်ပစ္စည်း၊ စစ်နည်းဗျူဟာများနှင့် စက်မှုနည်းပညာများကို ထိရောက်ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့လာလေ့ကျင့်ကြိုးပမ်းနေရမည်ဖြစ်ကြောင်း သတိပေးမှာကြားလိုကြောင်း။

စစ်ဆင်ရေး၊ လေ့ကျင့်ရေး စသည့် ပျံသန်းရေးတာဝန်များကို နေ့ညအချိန်အခါမရွေး၊ နေရာဒေသမရွေး အောင်မြင်ပြီးမြောက်အောင် ထမ်းဆောင်နိုင်ရေးအတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်ဓာတ်ခိုင်မာမှုတို့သည် များစွာအရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိအောင် ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်နေထိုင်မှုပုံစံအတိုင်း လိုက်နာကျင့်ကြံ နေထိုင်ကြရကြောင်း၊ စိတ်ဓာတ်မြင့်မားကောင်းမွန်ရေးနှင့် ယုံကြည်ချက်ခံယူချက် မြင့်မားမှန်ကန်ရေးအတွက် စာကောင်းပေမွန်များ ဖတ်ရှုလေ့လာခြင်းဖြင့် သင်ခန်းစာများစွာ၊ အထောက်အကူများစွာ ရရှိစေနိုင်သည့်အတွက် မိမိကိုယ်တိုင် စာဖတ်ရန်သာမက မိမိ၏ လက်အောက်ငယ်သားများပါ စာဖတ်ရန် တိုက်တွန်းစည်းရုံး လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ဝေဟင်မှ အုပ်ဖွဲ့ပျံသန်းအလေးပြုခဲ့ကြသည့် နည်းပြလေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်ကာ ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းဧည့်ခန်းမ၌ ထူးချွန်ဆုရရှိသည့် ကျောင်းဆင်းအရာရှိများနှင့် မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယနေ့ လေသူရဲတောင်ပံအပ်နှင်းခြင်းခံရသူ ကျောင်းဆင်းအရာရှိများအနေဖြင့် သက်ဆိုင်ရာ လေယာဉ်/ ရဟတ်ယာဉ်အမျိုးအစားအလိုက် အဆင့်မြင့်သင်တန်းများ ဆက်လက်တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၅) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ ကျင်းပနေစဉ် ကျောင်းဆင်းအရာရှိများနှင့် တပ်မတော်(လေ) မိသားစုဝင်များက တပ်မတော်(လေ)တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် လေယာဉ်မောင်း သင်တန်းအမှတ်စဉ် (၈၅)မှ စံပြလေသူရဲဆုရ လေ ၄၄၈၈ ဗိုလ် အာကာထက်ညီ အား ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် လေယာဉ်မောင်းသင်တန်း အမှတ်စဉ် (၈၅)မှ လေယာဉ်မောင်းထူးချွန်ဆုရ လေ ၄၄၉၀ ဗိုလ် ရဝေအောင် အား ဆုပေးအပ်ချီးမြှင့်စဉ်။

# စန္ဒကူးနံ့သာကျောင်းတော်ရာ အတွေးများနှင့် မကွေးမြို့က ပြန်ခဲ့သည်

မြင့်စိုး(နတလ)



စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်ရှေ့တွင် ဝန်ထမ်းများနှင့် အမှတ်တရ။

**မုန်းချောင်းရေအလျဉ် ရစ်ခွေဆင်းသို့**

**ကျား** ရင်ထဲမှာနွေ ...
အသည်းလွှာအပေါင်း
ချမ်းဆောင်းမြမြ တုန်ယင်ကာလေ
နှလုံးသားမျက်ရည် မိုးသို့စွေခဲ့ပေ

**မ** ရင်ထဲမှာနွေ ...
အသည်းလွှာအပေါင်း
ချမ်းဆောင်းမြမြ တုန်ယင်ကာလေ
နှလုံးသားမျက်ရည် မိုးသို့မစွေနဲ့လေ

**ကျား** ဘယ်လိုပင် ဝေးကွာဝေးအောင်
ပြေးကာပြေးလို့ တို့မှာမဖြေနိုင်
အသည်းလေးခွေယိုင်
နှလုံးသားတွေကမခိုင်

**မ** ဘယ်လိုပင် ဝေးကွာဝေးအောင်
ပြေးကာမပြေးကွဲ့
မေ့အသည်းညှာပိုင်
အသည်းလေးတူပြိုင်
သစ္စာပန္နက်ဖူးအခိုင်

စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီးတည်ရှိရာ ကျောင်းတော်ရာရွာသို့ မရောက်မီကတည်းက ကျွန်တော့်နားထဲမှာ တေးသံရှင် ဗညားဟန်နှင့် စိုးစန္ဒာထွန်းတို့ သီဆိုထားသော "စန္ဒကူးအလွမ်း" သီချင်းသံလေးက ပွဲတင်ထပ်၍ ကြားယောင်လာမိသည်။ တေးရေးလက်ရာရှင်ကတော့ ကျောင်းတော်ရာသိန်းဝင်း ဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်က တိတိကျကျပြောရလျှင် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလခန့်က စန္ဒကူးအလွမ်းသီချင်း ဖန်တီးရှင် ကျောင်းတော်ရာသိန်းဝင်းသည်ပင်လျှင် အသက် ၆၈ နှစ် ရှိလာခဲ့လေပြီ။ သူ၏ အစ်ကိုရင်းဖြစ်သူ ဦးကြည်စိုးနှင့် တွေ့ဆုံစကားပြောခဲ့သဖြင့် ၂၀၀၀ ပြည့်နှစ် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား ရွှေသင်္ကန်းကပ်လှူပွဲနှင့် ထီးတော်တင်ပွဲသည် အဆိုတော် ဗညားဟန်၏ အနုပညာခရီး အစဖြစ်ကြောင်း သိခွင့်ရခဲ့သည်။ ကျောင်းတော်ရာကျေးရွာ တွဲဖက်အထက်တန်းကျောင်း ဆရာလေး ကိုမြင့်ဌေးသည် ကိုသိန်းဝင်း၏ စန္ဒကူးအလွမ်းသီချင်းကို ထိုဘုရားပွဲမှာ တေးသံရှင် စိုးစန္ဒာထွန်းနှင့်အတူ တွဲ၍သီဆိုခွင့်ရခဲ့၏။ ထိုမှ ဗညားဟန် ဖြစ်လာခဲ့သည်။ ဦးကြည်စိုးကိုယ်တိုင်လည်း ထိုအချိန်က တေးသံသွင်းဆိုင်ဖွင့်ထားသောကြောင့် အနုပညာနှင့်မစိမ်းလှ။ တေးရေးဆရာ ဦးသိန်းဝင်းသည် ယနေ့ချိန်အထိ တေးသီချင်းများ ရေးဖွဲ့သီကုံးနေဆဲဖြစ်ပြီး မကြာမီ တေးရေးသဟာအောင်တို့နှင့်တွဲ၍ ဖန်တီးထုတ်လုပ်ဦးမည်ဖြစ်ကြောင်း သိခဲ့ရသည်။ ကျောင်းတော်ရာကို ရွာဟုပြောနေရသော်လည်း စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး၏ အရိပ်အာဝါသအောက်မှာ မြို့ပြအသွင်ဆောင်နေပြီဖြစ်သည်။ တိုက်နယ်ဆေးရုံရှိသည်။ မီးသတ်ရှိသည်။ လူမှုရေး ဘာသာရေးအသင်းအဖွဲ့များ ရှိနေသည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါစိုက်ခင်းများနှင့် တန်ဆာဆင်ထားသေး၏။

တို့နှစ်ဦးစုံညီ မြင်းလှည်းလေးနဲ့
ငါးစာကျွေးခဲ့ တူတူပြိုင်ပြိုင်
မုန်းချောင်းရေအလျင် ရစ်ခွေဆင်းသို့
တို့ချစ်ခြင်းက မပျက်ယွင်းခဲ့ပါနိုင်

စန္ဒကူးအလွမ်းသီချင်းထဲက မုန်းချောင်းဘေးသို့မူ ကျွန်တော် မရောက်ဖြစ်တော့၊ ဘုရားနှင့် ၄ ဖာလုံခန့်သာ ဝေးသည်ဆို၏။ ဝါဆိုလပြည့်နေ့ရောက်တိုင်း ဘုရားလာဖူးကြသော မုန်းချောင်းထဲမှ ငါးထွေကြီးများအကြောင်းကိုလည်း ကြားခဲ့ရသည်။ သောင်တွေထွန်းကာ ဂေဟာစနစ်ပြောင်းသွား၍ပဲလား၊ စက်တပ်မော်တော်လေးတွေ အသွားအလာများ၍ပဲလားတော့မသိ၊ တဖြည်းဖြည်း ကောင်ရေနည်းသွားပြီး ၂၀၁၁-၂၀၁၂ နောက်ပိုင်း မလာကြတော့ကြောင်း သိရသည်။ ငါးစာကျွေးဖူးသူများကတော့ အမှတ်တရ ရှိနေကြပါလိမ့်မည်။ စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားမှသည် ရှင်ပင်စက္ကိန်းတဲစေတီတော်၊ မူလမြသလွန်စေတီတော်၊ မကွေးမြသလွန်စေတီတော်၊ မင်းဘူးရွှေစက်တော်အထိ ရာဇဝင်တစ်ဆက်တစ်စပ်တည်း ရှိနေခဲ့သည့်ဘုရားသမိုင်းများကို အောက်ပါအတိုင်း လေ့လာဖတ်ရှုခဲ့ရပါသည်။

**စန္ဒကူးနံ့သာ ကျောင်းတော်နေရာနှင့် စေတီတော်**

ဘုရားရှင်လက်ထက် သုနာပရန္တတိုင်း မုန်းကမ်းပါးဘေးရှိ ဝါဏိဇ္ဇဂါမရွာ (ယခုသစ်တော်ရွာနေရာ) မှ ကုန်သည်သူကြွယ်၏သား မဟာပုဏ္ဏသည် မဇ္ဈိမတိုင်း သာဝတ္ထိပြည်သို့ရောက်ရှိကာ ဇေတဝန်ကျောင်းတော်တွင် ဘုရားရှင်အား ဖူးတွေ့ပြီး ရဟန်းပြုခဲ့သည်။ ဘုရားရှင်ထံခွင့်ပန်၍ နေရပ်သို့ပြန်ခဲ့ရာတွင် စတုတ္ထသီတင်းသုံးရာနေရာဖြစ်သော မကုလကာရာမဝိဟာရ နေရာ၌ ဝါဆိုသီတင်းသုံးတရားဓမ္မအားထုတ်ခဲ့ရာ ရဟန္တာဖြစ်တော်မူခဲ့သည်။ ထိုနေရာသည် ယခုကျောင်းတော်ရာစေတီတော်မြတ်ကြီးနှင့် မဝေးလှသော တောကျောင်းကုန်းအရပ် (ရေသနုပ်ကုန်း)ဟုခေါ်ကြောင်း သိရသည်။ ရဟန္တာ မဟာပုဏ္ဏ၏ ညီဖြစ်သူ စူဠပုဏ္ဏသူကြွယ် ဦးဆောင်သော ကုန်သည် ၅၀၀ တို့သည် မလ္လာယုမည်သော မလယကျွန်းမှ စန္ဒကူးနံ့သာသစ်တို့ကို ခုတ်ယူ၍ အပြန်ခရီး၌ လှိုင်းကြီးလေထန်ဖြစ်ပြီး ဘေးဒုက္ခတွေ့နေချိန် မဟာပုဏ္ဏမထေရ်က ကယ်တင်လိုက်ရသည်။ မဟာပုဏ္ဏမထေရ်၏ တိုက်တွန်းမှုဖြင့် မြတ်စွာဘုရားရှင်အား ဖူးမြော်ခွင့်ရကြရန်အတွက် ပါလာသော စန္ဒကူးနံ့သာသစ်တို့ဖြင့် ကျောင်းဆောက်လုပ်ကြသည်။ ဘုရားရှင်ကလည်း နောက်ပါရဟန္တာ ၅၀၀ ဖြင့် ကြွရောက်တော်မူလာပြီး ခုနစ်ရက်ပတ်လုံး သီတင်းသုံးနေထိုင်တော်မူကာ နောင်သောအခါ အရိမဒ္ဒန ပေါက္ကာရာမပြည်ကို အစိုးရသော မင်းလက်ထက် ငါ၏သရက္ခန်ကျောင်းနေရာ၌ စေတီတည်၍ကြီးစွာသောပူဇော်ခြင်းကိုပြုလတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားကာ ပြန်လည်ကြွမြန်းသွားခဲ့သည်။

စန္ဒကူးကျောင်းတော်မှ သစ်များကို လောဘဒေါသ မောဟ ဖုံးလွှမ်း၍ ဖျက်ဆီးယူငင်သုံးစွဲကြသော် သတ္တဝါတို့ အပယ်လားမည်ဖြစ်၍ မဟာပုဏ္ဏရဟန္တာမထေရ်သည် အဓိဋ္ဌာန်လေးချက်ကို ပြုတော်မူခဲ့သည်။ ယင်းအဓိဋ္ဌာန်အရ စန္ဒကူးနံ့သာကျောင်းတော်ကြီး ကွယ်ပျောက်သွားခြင်း၊ သေလာမယကျောက်စေတီ ပေါ်ပေါက်လာခြင်း၊ ကျောင်းတော်ကြီး မရှိတော့သော်လည်း အကျယ်အဝန်းမှတ်တိုက်လေးချက် ပေါ်ထွက်လာခြင်း၊ ဘုရားရှင်သီတင်းသုံးခဲ့သောနေရာဟူ၍ လူအပေါင်းတို့က မပြတ်ယုံကြည်ဆည်းကပ်ကိုးကွယ်ကြခြင်းတို့ ဖြစ်ပါသည်။ ဘုရားရှင်၏ဗျာဒိတ်တော်လာအတိုင်းပင် သာသနာသက္ကရာဇ် ၁၆၃၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၄၅၄ ခုနှစ်တွင် နန်းတက်သော အလောင်းစည်သူမင်းသည် တိုင်းခန်းလှည့်လည်ရင်း သေလာမယကျောက်စေတီကို တွေ့ရှိခဲ့သည်။ ကျောက်ဂူအတွင်း၌ ဘုရားရှင်၏ ဗျာဒိတ်တော် ကြေးပုရပိုက်ကိုလည်း တွေ့ရှိကြရ၍ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်တော်မူကာ သေလာမယကျောက်စေတီကို ဌာပနာပြုလျက် စေတီတော်ကြီးအား တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။ ထိုစေတီကား ယနေ့ဖူးတွေ့နေရသော ကျောင်းတော်ရာ စေတီတော်ကြီး ဖြစ်ပေတော့သတည်း။

**"ခရီးစဉ်၏ အဓိကရည်ရွယ်ရာသည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းလီမိတက်၏ အထွက်တိုးမျိုးစပါး စိုက်ပျိုးထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးပြီး လာမည့်နှစ် မိုးစပါးရာသီတွင် သမဝါယမအသင်းအဖွဲ့များ၏ မိုးစပါးစိုက်ကေများအတွက် အထွက်တိုးမျိုးစပါးများ ပံ့ပိုးကူညီပေးရေး ညှိနှိုင်းဆွေးနွေးရန်ဖြစ်သည်။ စိုက်ပျိုးရေးသမဝါယမအသင်းအဖွဲ့များက ယခုနှစ် မိုးစပါးရာသီတွင် ၁၃၆၆၉၂ ဧက ပါဝင်စိုက်ပျိုးလျက်ရှိသည်"**

**ရှင်ပင်စက္ကိန်းတဲ စေတီတော်**

မြတ်စွာဘုရားရှင်သည် ကေလာသဖတောင်ထိပ်တွင် သိကြားမင်း ဆက်ကပ်လှူဒါန်းသော မြသားသလွန်ပေါ်၌ ဖလသမာပတ်ကို ဝင်စားလျက် ကိန်းစက်တော်မူသည်ကတစ်ကြောင်း၊ ဤကေလာသဖတောင်သည် အဝိဇဟိတဗ္ဗဌာနဖြစ်၍ ဘုရားရှင်တို့ မစွန့်ပယ်အပ်သောနေရာဖြစ်ပြီး အဆူဆူသော ဘုရားရှင်တို့ ကြွရောက်ကိန်းစက်တော်မူကြသည်က တစ်ကြောင်းတို့ဖြင့် စက္ကိန်းတဲတောင်ဟု ခေါ်ဝေါ်ကြကြောင်း သိရသည်။ မြတ်စွာဘုရားရှင် ကိန်းစက်တော်မူခဲ့သည့် တည်းကျောင်းမဏ္ဍပ်ကို ဌာပနာပြု၍ စေတီတည်ခဲ့သောကြောင့် ရှင်ပင်စက္ကိန်းတဲစေတီဟု ခေါ်တွင်ခဲ့ကြသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းလက်ထက် ရှိရင်းစွဲစေတီကိုငုံလျက် ပြုပြင်တည်ထားခဲ့ပြီးနောက် ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ အင်းဝဘုရင် ပထမမင်းခေါင်၊ နရပတိစည်သူမင်းတို့လက်ထက်တွင်လည်း ဆက်လက်ပြုပြင် တည်ထားကိုးကွယ်ခဲ့ကြကြောင်း လေ့လာတွေ့ရှိရသည်။ ရှေးမင်းအဆက်ဆက်တို့တွင် စကုမြို့ဝန်က ကြီးကြပ်၍ နှစ်စဉ် တော်သလင်းလဆန်း ၈ ရက်နေ့မှ လပြည့်နေ့အထိ ကုန်းပွဲ၊ ရေပွဲ၊ ဇာတ်ပွဲများ ခမ်းခမ်းနားနား ကျင်းပပြုလုပ်ခဲ့သည်ဟု ဆို၏။ သီပေါမင်း ပါတော်မူပြီးနောက် အင်္ဂလိပ်လက်ထက် မင်းဘူးမြို့သည် ခရိုင်မြို့ဖြစ်လာပြီး စေတီကုန်းမှာ တပ်စွဲခဲ့ကြသည်။ ဂျပန်ခေတ်တွင်လည်း စစ်ဘေးစစ်ဒဏ်သင့်ခဲ့သေး၏။ ၁၃၂၀ ပြည့်နှစ်တွင်မှ ရွှေဘိုဆရာတော်ဦးမုနိန္ဒက ဦးဆောင်၍ စေတီတော်ကြီးကို ပြန်လည်ပြုပြင်တည်ထားခဲ့ကြောင်း၊ ဂန္ဓကုဋီတိုက်တွင် မုခ်ဦးရစ်ပေါက်နှင့် ကမ္ဘာအေးဘုရားပုံတော်ကဲ့သို့ တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။

**ဖန်ခါးမြေမှ မူလမြသလွန်စေတီတော်**

သက္ကရာဇ် ၁၂၃ ခုနှစ်တွင် မြတ်စွာဘုရားရှင်သည် နောက်ပါရဟန္တာ ငါးရာနှင့် စန္ဒကူးကျောင်းတော်သို့ ကြွရောက်တော်မူခဲ့ပြီး ခုနစ်ရက်ပတ်လုံး သီတင်းသုံးကာ ထိုမှ စက္ကိန်းတဲတောင်ထိပ်သို့ ကြွရောက်သီတင်းသုံးခဲ့သည်။ ထိုနေရာသည်လည်း ရှေးက ဘုရားအဆူဆူ ကြွရောက်တော်မူသည့် နေရာဖြစ်သည့် အားလျော်စွာ ဘုရားရှင်များ ကြွလာတိုင်း သိကြားမင်းသည် ရတနာသလွန်တော်ကို လှူဒါန်းမြဲဖြစ်၍ မြသားအတိပြီးသော သလွန်တော်မြတ်ကို ဆက်ကပ်ပူဇော်ခဲ့သည်။ ရောဝတီမြစ်အရှေ့ဘက် ယူဇနာဝက်မျှဝေးကွာသော တောအုပ်တွင်နေကြသည့် ဘောကျော်၊ ဘောသော၊ ဘောသူရ၊ ဘောရသ၊ ယက္ခသာဂီ၊ယက္ခဒါလီဘီလူးမောင်နှမခြောက်ယောက်တို့အနက် ညီအစ်ကို လေးယောက်တို့သည် ကြစုဖန်ခါးသီးများဆွတ်ယူပြီး မြတ်စွာဘုရားထံ ဝပ်တွားညွတ်ခ ဘောသဇ္ဇအမှတ်ဖြင့်ကပ်လှူပူဇော်ခဲ့ကြသည်။ ယင်းနောက် လောကတ္တအကျိုးငှာ ကိုးကွယ်ရာကို တောင်းပန်လျှောက်ထားကြရာ ဘုရားရှင်က မြသလွန်တော်အား

စာမျက်နှာ ၁၁ သို့



ပွင့်ဖြူမြို့နယ် ကုလားဟောင်းကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာ စပါးစိုက်ခင်းများအား ရေတင်စနစ်ဖြင့် အောင်ရေပေးဝေနေပုံ။



ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ မျိုးစေ့ကုန်ထုတ်စိုက်ခင်းများ။

*စာမျက်နှာ ၁၀ မှ*

ပေးအပ်တော်မူခဲ့သည်။ ၎င်းပြင် ငါဘုရားသလွန်တည်ရာ နောင်အခါဝယ် သာသနာပွင့်လင်း၍ ဟောတော်မူရင်းဌာန မာကရဒေသ၌ နာဂရမြို့ကြီးဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့သည်။ ဘီလူးညီနောင် လေးယောက်တို့သည် မြသလွန်တော်ကို ထမ်းယူပင့်ဆောင်၍ မိမိတို့နေရင်း တောအုပ်အတွင်း၌ စေတီတစ်ဆူ တည်တော်မူခဲ့သည်။ သလွန်တော်ကို ဌာပနာပြီး တည်ခဲ့သောယင်းစေတီတော်သည် ယခုမကွေးမြို့အနီး ဘုရားပျိုကျေးရွာတွင် တည်ရှိကာ ဉာဏ်တော်အမြင့် ၃၅ တောင်ဖြင့် မူလမြသလွန်စေတီတော်ဟု ဘွဲ့အမည်နာမ ပေးထားပါသည်။

**မကွေးမြို့က မြသလွန်စေတီတော်**

ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ယူဇနာဝက်ခန့်ရှိ တောအုပ်နေရာ၌ ဘီလူးညီနောင် လေးဦးတို့ တည်ထားသော စေတီနေရာသည် မြတ်စွာဘုရား၏ ဗျာဒိတ်တော်နှင့် မညီသောကြောင့် သိကြားမင်းက သလွန်တော်ကို ပြန်လည်ပင့်ဆောင်ခဲ့ပြီး နဂုတ္တမတောင်ထိပ်တွင် ဌာပနာတိုက်ဖြင့် ခေတ္တထားရှိကာ ထိုမှတစ်ဆင့် ကဿပမြတ်စွာဘုရားရှင်၏ ရွှေသားသလွန်နှင့်အတူ ဖောင်တော်ပေါ်သို့ ပင့်ဆောင်လျက် အကာအရံများ စီမံဆောင်ရွက်တော်မူခဲ့ကြောင်း၊ ဘီလူးညီနောင် လေးဦးထဲမှ လူသားစင်စစ် ဇာနေဖြစ်လာသူသာ သလွန်တော်ကို ဌာပနာ၍ စေတီတည်ခွင့်ရမည်ဖြစ်ကြောင်း ရှင်ရသေ့တို့ကို လျှောက်ထားခဲ့သည်ဆို၏။ မဟာဂါမအမည်ရ ဇနပုဒ်ရွာကြီးမှ သုဘောဂအမည်ရှိ သူဌေးကြီးသည် နဂုတ္တမတောင်တော်၌ စေတီတည်ထားကိုးကွယ်ခွင့်ပြုရေး ရသေ့တို့ထံ လျှောက်ထားခဲ့သော်လည်း အခွင့်မရခဲ့ပေ။ ဘီလူးညီနောင်လေးဦးထဲမှ ဘောကျော်နှင့် ဘောသောတို့ လူဖြစ်လာကြပြီး ဘောကျော်သည် သူဌေးကြီးသုဘောဂ၏သမီး ရတနာပုဏ္ဏဝတီနှင့် ဖူးစာဆုံ၍ ထိမ်းမြားစုံဖက်ခွင့်ရခဲ့သည်။ ရှင်ရသေ့တို့၏ ခွင့်ပြုချက်အရ သုဘောဂသူဌေးကြီးနှင့် ဘောကျော်အပါအဝင် သားသမီးဆွေတော်မျိုးတော်တို့သည် နဂုတ္တမတောင်တော်၌ ရွှေသားသလွန်တော်၊ မြသလွန်တော်တို့ကို ဌာပနာပြုလျက် ဉာဏ်တော်အမြင့် ၃၅ တောင်ရှိ စေတီတော်ကို တည်ထားခဲ့ကြကြောင်း သိရှိရပါသည်။

အနော်ရထာမင်းလက်ထက်တွင် မြသလွန်စေတီတော်ကို ပြင်ဆင်ခြင်းငှာမထိုက်ခဲ့ပေ။ သားတော်စောလူးမင်းလက်ထက် ရှင်အရဟံထံမှ သြဝါဒခံယူကာ မြသလွန်စေတီတော်ကြီးကို ဉာဏ်တော်အမြင့် ၅၅ တောင်ဖြင့် လည်းကောင်း၊ ပန်းရစ်တောင်စေတီတော်၊ ဆုတောင်းပြည့်စေတီတော်၊ ရသေ့ကျောင်းသုံးကျောင်းနှင့် စေတီသုံးဆူ၊ သိမ်တော်ကြီးတစ်ဆောင်၊ သိကြားမင်းနတ်ကွန်း တစ်ဆောင်၊ ပုဏ္ဏဝတီတည်ခဲ့သော လင်လျာမျှော်စေတီနှင့် မကွေးမြို့တည်းဟူသော ရစ်ဌာနကို တစ်ပြိုင်တည်းတစ်ချိန်တည်း နရီအမြောက်သံပေး၍ ပြုပြင်မွမ်းမံတည်ထားခဲ့သည်။ ကျန်စစ်သားမင်းနှင့် အလောင်းစည်သူမင်းတို့လက်ထက်၌လည်း ထပ်မံပြုပြင်တည်ထားခဲ့ကြသည်။ ကောဇာသက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် ငလျင်ဒဏ်ခံခဲ့ရသော မြသလွန်စေတီတော်ကြီးအား မကွေးမြို့သူကြီး မင်းထင်မင်းလှကျော်ခေါင် က ဉာဏ်တော် ၆၆ တောင် နှစ်မိုက်ထိ ပြန်လည်တည်ထားကိုးကွယ်ခဲ့သည်။ မင်းတုန်းမင်းလက်ထက် မကွေးမြို့စား သတိုးမင်းကြီး မဟာမင်းလှသီဟသူ ကြည်ညိုသဒ္ဓါပွားကာ သုဝဏ္ဏစိဝရံ အလျှံကူးသန်း ရွှေသင်္ကန်းတော်ကို ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**မင်းဘူးက ရွှေစက်တော်**

"မင်းဘူးကရွှေစက်တော် ဖူးချင်ပါတယ် မောင်လိုက်ပို့ပါ" ဆိုသည့် သီချင်းထဲကလိုတော့ ရွှေစက်တော်ကို ကျွန်တော်မဖူးခဲ့ရပါ။ ယနေ့ချိန်အထိလည်း ဖူးခွင့်မကြုံသေးပါ။ ရွှေစက်တော်မဆိုထားနှင့် ဧရာဝတီတိုင်းသားလုပ်နေပြီး မော်တင်စွန်းဘုရားကို ယခုထိ မဖူးဘူးသေးသောကြောင့် ရိုးသားကြိုးစား ဧရာဝတီသားဆိုသည့် ဆောင်ပုဒ်ကို ကျွန်တော် ရဲရဲကြီး မအော်ရဲသေးပါ။ မင်းဘူးမြို့ကို ဖြတ်သွားခိုက် ဖျတ်ခနဲ လှမ်းတွေ့လိုက်ရသော ခန်းမကြီးတစ်ခု၏အမည်မှာ မင်းပူး ဦးဩဘာသခန်းမဟူ၍ ဖြစ်ပါသည်။ မင်းဘူးဟု ရေးမထားကြောင်း သတိပြုမိ၏။

မင်းဘူးမြို့မြောက်ဘက် ၁၀ မိုင်အကွာမှာ စကုမြို့ရှိမည်။ စကုမှ အရှေ့ဘက် ကိုးမိုင်ခန့်အကွာတွင် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက တည်ဆောက်ခဲ့သော အိုင်းမဆည်နှင့် ဆည်တော်ရှင်မနတ်ကွန်းရှိမည်။ ထိုမှ ရှေ့သို့ ခရီးအနည်းငယ်ဆက်လျှင် ရွှေစက်တော်ဘုရားဖူးကားများ အနားယူရာ မန်းချောင်းဆည်တော်စခန်းသို့ ရောက်မည်။ ၎င်းနောက် သပြေတန်း၊ ရိုးကြီးစခန်း၊ ကံပေါက်စခန်း၊ လုပ်ဆေးချောင်းစခန်း၊ တည်ပင်ကျောစခန်း၊ ကင်းမိတ်စခန်း၊ သမုန်းချောင်းစခန်း၊ ကျောက်တန်းစခန်း၊ လေ့တင်စခန်းနှင့် ဘုရားရွာတို့ကိုဖြတ်ကျော်ပြီးသကာလ ဆည်တော်စခန်းမှ ခုနစ်မိုင်အကွာတွင် ရှိနေသော မြန်မာပြည်၏ အထင်ကရ မန်းရွှေစက်တော်သို့ ရောက်မည်ဆိုတာကိုတော့ ကျွန်တော် လေ့လာမှတ်သား သိရှိထားပါသည်။

မြတ်စွာဘုရားရှင်သည် ကေလာသဖတောင်တွင် တန့်နားကိန်းစက် သီတင်းသုံးပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်အကြွ နမ္မဒါမြစ် (မန်းချောင်း)အနီးသို့ ရောက်ရှိချိန် နမ္မဒါနဂါးမင်း၏ လျှောက်ထားတောင်းပန်ချက်အရ မြစ်အနောက်ဘက်ကမ်းကျောက်ဖျာပေါ်တွင် ၁၀၈ ဖြာ စက်လက္ခဏာနှင့် ပြည့်စုံတော်မူသော ဝဲဘက်ခြေတော်ရာကို ချထားတော်မူခဲ့ရာ "အောက်စက်တော်ရာ"ဟု ခေါ်တွင်လာခဲ့ကြောင်း၊ တစ်ဖန် သစ္စဗန္ဓကတောင်ထိပ်သို့ ရောက်ရှိတော်မူစဉ် သစ္စဗန္ဓကမထေရ်၏ လျှောက်ထားတောင်းပန်ချက်အရ ခြေတော်ရာချခဲ့ရာ "အထက်စက်တော်ရာ" ဟု ဘွဲ့အမည်နာမတွင်ခဲ့ကြောင်း မှတ်သားသိရှိခဲ့ရပါသည်။

**စိတ်ကူးမှသည် လက်တွေ့အကောင်အထည်ဖော်နိုင်ရေးသို့**

ပြီးခဲ့သည့် ဩဂုတ်လ ၂၈၊ ၂၉၊ ၃၀ ရက်များတွင် ကျွန်တော်မကွေးမြို့သို့ ရောက်ခဲ့သည်။ ခရီးစဉ်၏ အဓိကရည်ရွယ်ရာသည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အထွက်တိုးမျိုးစပါး စိုက်ပျိုးထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးပြီး လာမည့်နှစ် မိုးစပါးရာသီတွင် သမဝါယမအသင်းအဖွဲ့များ၏ မိုးစပါးစိုက်ကေများအတွက် အထွက်တိုးမျိုးစပါးများ ပံ့ပိုးကူညီပေးရေး ညှိနှိုင်းဆွေးနွေးရန်ဖြစ်သည်။ စိုက်ပျိုးရေးသမဝါယမအသင်းအဖွဲ့များက ယခုနှစ် မိုးစပါးရာသီတွင် ၁၃၆၆၂ ဧက ပါဝင်စိုက်ပျိုးလျက်ရှိသည်။ လာမည့်နှစ် မိုးရာသီတွင် ယခုထက်ပိုမို၍ စိုက်ဧကတိုးချဲ့ပြီး ဆာဖိုးသာ-၁၊ GW-11 နှင့် အခြားအထွက်တိုး စပါးမျိုးများ စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဩဂုတ်လ ၂၈ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တွေ့ဆုံပြီး မကွေးတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းများက မိုးစပါးစိုက်ဧက ၁၀၃၃၀ စိုက်ပျိုးနေမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို တင်ပြခဲ့သည်။ ယင်းသို့တွေ့ဆုံစဉ် ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း နှမ်းစိုက်ဧက ၁၀ သိန်းကျော်ရှိကြောင်း၊ ရိတ်သိမ်းပြီးချိန်တွင် တစ်ဧကလျှင် နှမ်းရိုးတစ်တန်ခွဲခန့် ကျန်ခဲ့ကြောင်း၊ ယင်းနှမ်းရိုးများကို တောင်သူများက သဘာဝမြေဩဇာအဖြစ် စနစ်တကျ ထုတ်လုပ်သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးလိုကြောင်း မှာကြားပါသည်။ မှန်ပါသည်။ ကျွန်တော် ဩဂုတ်လ ၃၀ ရက်နေ့က ဆင်ပေါင်ဝဲမြို့နယ်ဘက်သို့ ခရီးဆက်ခဲ့စဉ် လမ်းဘေးဝဲယာစိုက်ခင်းများထဲမှာ နှမ်းရိုးပုံကြီးများကို တွေ့မြင်ခဲ့ရသည်။ ဝန်ကြီးချုပ်၏ လိုလားချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းသမဦးစီးမှူးက စီမံချက်ရေးဆွဲဆောင်ရွက်ရန် တိုက်တွန်းမှာကြားခဲ့သည်။ ယင်းလုပ်ငန်း စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာအုပ်စု ကိုးပင်ရွာမှ "အောင်ကောင်းမြတ်" လယ်ယာကုန်ထုတ်လုပ်မှုနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းသည် အသင်းသား ၅၅ ဦး၊ နှမ်းရိုးစင်းစက်၊ ဖြတ်စက်များဖြင့် နှမ်းရိုး၊ တင်လဲရည်၊ EM၊ နွားချေး၊ ဖွဲနု ပစ္စည်းများအသုံးပြု၍ သဘာဝမြေဩဇာ ထုတ်လုပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ ရေနံချောင်းမြို့မှ သဘာဝမြေဩဇာထုတ်လုပ်နေသည့် ပညာရှင်များကလည်း လာရောက်သင်ကြားပြသပေးပါမည်။ အဆင်ပြေစွာ ထုတ်လုပ်သုံးစွဲနိုင်ပါက သမဝါယမအသင်းအနေဖြင့် တောင်သူများ၏ စိုက်ခင်းများသို့ အရောက်သွားကာ နှမ်းရိုးအခြေခံသဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**ဘုရားလည်းဖူး၊ မိုးစပါးလည်းစိုက်**

မကွေးခရီးစဉ်မှာ ဘုရားပျိုကျေးရွာရှိ မူလမြသလွန်စေတီတော်ကို စတင်ဖူးမြော်ပြီး သကာလ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်၊ ရှင်ပင်စက္ကိန်းတဲစေတီတော်၊ မကွေးမြသလွန်တို့ကို ဖူးခွင့်ရခဲ့သည်။ မကွေးမြသလွန်စေတီတော်ကြီးကို နှစ်ကြိမ် သုံးကြိမ်ခန့် ဖူးခွင့်ရသည်ကလွဲ၍ ကျန်စေတီများကို ကျွန်တော်မဖူးဖူးသေးပါ။ ဘုရားဖူးခွင့်ရခဲ့သော ခရီးစဉ်ဖြစ်သကဲ့သို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများ၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများကို အားပေးကြည့်ရှုခွင့်လည်း ရခဲ့ပါသည်။ မကွေးမြို့နယ် သဖန်းဆိပ်ကျေးရွာတွင် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ ပံ့ပိုးငွေကျပ် သိန်း ၁၀၀ ဖြင့် သဖန်းဆိပ်စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က ရေပဒေသာ စပါးမျိုး ၄၉ ဧက စိုက်ပျိုးနေမှုကို လည်းကောင်း၊ ပွင့်ဖြူမြို့နယ် ကုလားဟောင်းကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာရှိ မိုးစပါးစိုက်ခင်းများ အောင်ရေရှိရေးအတွက် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေများကို လည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာရှိ အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်သမဝါယမအသင်း၏ နွားမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆင်ပေါင်ဝဲမြို့နယ် ညံတောအင်းကျေးရွာတွင် ဆောင်ရွက်ပေးထားသည့် ၁၃၇ ကီလိုဝပ် ဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးကာ ရာသီအလိုက် သီးနှံစိုက်ကေများစွမ်းအားပြည့် စိုက်ပျိုးရေး မှာကြားခဲ့ပါသည်။ ၎င်းအပြင် မြို့သစ်မြို့နယ်ထဲမှ ဆူးတပ်ကြီးကျေးရွာအုပ်စုအတွင်း စိုက်ဧက ၅၀၀၀ ကျော်ကို စိုက်ပျိုးရေးသမဝါယမအသင်းများ ဖွဲ့စည်း၍ လာမည့်နွေစပါး၊ မိုးစပါးရာသီအတွက် အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး တောင်သူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**အတွေးများနှင့်**
**မကွေးမြို့က ပြန်ခဲ့သည်**

စန္ဒကူးနံ့သာကျောင်းတော်ရာစေတီကို ဖူးရင်း မင်းဘူးရွှေစက်တော်အထိ အာရုံပြုလျက် ဘုရားသမိုင်းများနှင့်အတူ အတွေးများစွာ ရက်ယှက်သွားခဲ့သည်။ ထိုမှတစ်ဖန် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်သော မကွေးတိုင်းဒေသကြီးမှာ ဆီထွက်သီးနှံစိုက်ပျိုးရေးကို သမဝါယမအသင်းအဖွဲ့များက ပါဝင်ဆောင်ရွက်ကြဖို့၊ ဆန်စပါးစိုက်ပျိုးရေးမှာလည်း အထွက်တိုးမျိုးများ အသုံးပြုလျက် ပန်းတိုင်အထွက်နှုန်းရရှိစေဖို့၊ သဘာဝမြေဩဇာများ ထုတ်လုပ်သုံးစွဲကြဖို့၊ စိုက်ပျိုးရေရရှိကြစေဖို့၊ ကုန်ထုတ်လမ်းတွေ ဖောက်လုပ်ပေးနိုင်ဖို့၊ ကျေးရွာချင်းဆက်လမ်းတွေ ကောင်းမွန်ဖို့... စသည်... စသည်ဖြင့် အတွေးပေါင်းများစွာကလည်း ပါလာခဲ့ချေပြီတမုံ့။ ။

❖ ❖ ❖

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်နှင့် ဒေါက်တာ မျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆဋ္ဌမအကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်(၂၀၂၃) (REW-2023 ) သို့တက်ရောက်



နေပြည်တော် အောက်တိုဘာ ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပပြုလုပ်သည့် ဆဋ္ဌမအကြိမ်မြောက် ရုရှား စွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် (၂၀၂၃) (REW–2023)သို့ တက်ရောက်ကြသည်။

အဆိုပါ Forum သို့ နိုင်ငံပေါင်း ၆၀ ကျော်မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဝန်ကြီးများ၊ သံတမန်များနှင့် CIS မှ လုပ်ဖော်ကိုင်ဖက်များ၊ နိုင်ငံတကာမှ လွှတ်တော်အမတ်များ၊ နိုင်ငံတော်နှင့် ဒေသတွင်းအဖွဲ့အစည်းများ၏ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆဋ္ဌမအကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် (၂၀၂၃) (REW–2023) တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် ခေတ်မီပြခန်းများနှင့် ပုံစံငယ်များကို လိုက်လံကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မျက်နှာစုံညီအစည်းအဝေး (Plenary Session) တွင် " Technological Sovereignty and Low–Carbon Energy : Looking to Tomorrow " ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုအစီအစဉ်သို့ တက်ရောက်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက စွမ်းအင်ထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လုပ်နေမှုများနှင့် ကမ္ဘာကြီးပူနွေးလာမှု၊ ၎င်းကာဗွန်ဒိုင်အောက်ဆိုဒ်များ လျှော့ချနိုင်ရေးအတွက် သန့်စင်သောစွမ်းအင် (Green Energy) များ အသုံးပြုနိုင်မှု၊ နျူကလီးယားနည်းပညာမှ စွမ်းအင်အကျပ်အတည်းကို ဖြေရှင်းနိုင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်မှုမရှိဘဲ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကဏ္ဍတွင် အထောက်အကူပြုပုံနှင့် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုတို့ကို ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Rosatom ၏ အကြီးအကဲဖြစ်သူ ဥက္ကဋ္ဌ အလက်ဆီလီကာချော့နှင့် သီးခြားတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍနှင့် လူသားအရင်းအမြစ် လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ Nuclear Infrastructure အတွက် နားလည်မှုစာချွန်လွှာ (MOU) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် (၂၀၂၃) (REW–2023) ၏ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသည်။

ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်ကို ၂၀၁၇ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး စွမ်းအင်ကဏ္ဍတွင် အပြင်းထန်ဆုံးသော ပြဿနာများကို ဖြေရှင်းရေး၊ အပြည်ပြည်ဆိုင်ရာအစီအစဉ်၊ ရာသီဥတု၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စက်သုံးဆီနှင့် စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် REW 2023 ဆွေးနွေးမှုများတွင် ပါဝင်သူများက စွမ်းအင်ထောက်ပံ့မှုနှင့် ကုန်ကြမ်းများအတွက် ကမ္ဘာ့ဈေးနှုန်းများဖွဲ့စည်းပုံ၊ ရေနံလုပ်ငန်းအတွက် အလားအလာနှင့် ရာသီဥတုဆိုင်ရာ အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❐ *ကျောဖုံးမှ*

မှာစပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ လက်ယာကပ်မောင်းစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ လက်ယာကပ်မောင်းစနစ်က ခရီးသည်တွေရဲ့ အတက်အဆင်း တံခါးပေါက်က လက်ယာဘက်မှာရှိမှပဲ ခရီးသည်တွေ အတက်အဆင်း အန္တရာယ်ကင်းစွာ ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခု ပဲခူးကနေပြီးတော့ ရန်ကုန်ကိုဆွဲတဲ့ အဝေးပြေး မီနီဘတ်စ်ယာဉ်တွေ အများစုမှာ အတက်အဆင်းတံခါးပေါက်က ဘယ်ဘက်မှာ ရှိပါတယ်။ ဘယ်ဘက်မှာရှိတဲ့အတွက်ကြောင့် ခရီးသည်တွေ အတက်အဆင်းပြုတဲ့အခါမှာ အန္တရာယ်ရှိပါတယ်။ ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် မဖြစ်ဘဲ ယာဉ်အန္တရာယ်ကို ဖြစ်စေပါတယ်။ အဲဒါ့ကြောင့် ကျွန်တော်တို့ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီမှာတင်ပြပြီးတော့ ယာဉ်အန္တရာယ် ကင်းရှင်းရေးနဲ့ မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေနဲ့အညီ အဲဒီမီနီဘတ်စ်ယာဉ်တွေရဲ့ လက်ယာညာဘက် အတက်အဆင်း တံခါးပေါက်ကိုဖောက်ပြီးမှ ကျွန်တော်တို့ရန်ကုန်တိုင်းဒေသကြီးအတွင်းကို ဝင်ခွင့်ပြုဖို့ဆိုပြီး တင်ပြတဲ့အခါမှာ ခွင့်ပြုခဲ့တာပါ။ ကျွန်တော်တို့အနေနဲ့ ကညနကိုရော၊ ပဲခူးတိုင်း လမ်းပန်းဆက်သွယ်ရေးကိုရော အကြောင်းကြားထားပြီးလည်းဖြစ်ပါတယ်" ဟု တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ဆက်လက်ပြောသည်။

**အန္တရာယ်ကင်းစေရေး**

အဆိုပါ ပဲခူး–ရန်ကုန်ပြေးဆွဲနေသည့် ခရီးသည်တင် မီနီဘတ်စ်ယာဉ်များအနက် အချို့ယာဉ်များမှာ ညာဘက်အတက်အဆင်း တံခါးပေါက်များဖြစ်ပြီး ၎င်းယာဉ်များအား ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ပြေးဆွဲခွင့်ပြုသော်လည်း ဘယ်ဘက်အတက်အဆင်း တံခါးပေါက်ဖြင့် ပြေးဆွဲနေသည့် ယာဉ်များအနေဖြင့် ယာဉ်အန္တရာယ်၊ ခရီးသည်အန္တရာယ်ရှိသည့်အတွက် ညာဘက်တွင် အန္တရာယ်ကင်းစွာ အတက်အဆင်း ပြုလုပ်နိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်ကြောင်းနှင့် လိုက်နာခြင်းမရှိက ပဲခူးသို့ ပြန်လှည့်စေမည် ဖြစ်ကြောင်းလည်း သိရသည်။

**လမ်းနှစ်ကြောင်းသတ်မှတ်**

ယင်းအပြင် ပဲခူး – ရန်ကုန် ပြေးဆွဲသော ခရီးသည်တင်ယာဉ်များအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းကြောင်းနှစ်ကြောင်း သတ်မှတ်ပေးထားပြီး လမ်းကြောင်း(၁)သည် ပဲခူး–ရန်ကုန်၊ ပြည်လမ်း၊ ခရေပင်လမ်း၊ ဒညင်းကုန်းဘူတာရုံလမ်း၊ ရွှေပြည်သာတံတား၊ ယင်းမှ ရွှေပြည်သာတံတားလမ်း၊ အနော်ရထာလမ်း၊ ယင်းမှ ရန်ကုန်–ပုသိမ်လမ်းအတိုင်း ဒဂုံရောအဝေးပြေးဝင်းသို့ လည်းကောင်း၊ လမ်းကြောင်း (၂) သည် ပဲခူး–ရန်ကုန်လမ်းအတိုင်း ထောက်ကြန့်၊ ယင်းမှ ပြည်လမ်း၊ ခရေပင်လမ်းဆုံ၊ ယင်းမှ ခရေပင်လမ်း၊ ဒညင်းကုန်းလမ်းဆုံမှ မင်္ဂလာဒုံလမ်း၊ ယင်းမှ ဘုရင့်နောင်လမ်း ပေါက်တောဝအထိ၊ ယင်းမှ အောင်ဇေယျတံတားမှ တစ်ဆင့် ရန်ကုန် – ညောင်တုန်းလမ်းအတိုင်း ဒဂုံရောအဝေးပြေးဝင်းသို့လည်းကောင်း ပြေးဆွဲရမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

❖ *ကျောဖုံးမှ*

ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် မကာအိုအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သဖြင့် ဒုတိယအကျော့ အဝေးကွင်းကစားရန် ကျန်သေးသော်လည်း ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ရန် အခြေအနေကောင်းသွားခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ယခုနောက်ပိုင်းကစားသည့် နိုင်ငံတကာပြိုင်ပွဲများတွင် ဂိုးပြတ်အနိုင်ရလဒ်ပြန်လည် ရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

မြန်မာအသင်းသည် ဆန်းဆက်နိုင် **(ဂိုး)**၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ သက်ဟိန်းစိုး၊ နေမိုးနိုင်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ မောင်မောင်လွင်၊ အောင်သူ၊ သန်းပိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ အဝေးကွင်း လာရောက်ကစားသည့် မကာအိုအသင်း၏ ခံစစ်ကစားပုံကြောင့် မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း မကာအိုအသင်းက ခံစစ်တွင် စုပြုံပိတ်ဆို့ကစားနေသဖြင့် ထင်တိုင်းမပေါက်ခဲ့ပေ။ ၄၃ မိနစ်တွင် မြန်မာအသင်း ဦးဆောင်ဂိုးရခဲ့ပြီး လွင်မိုးအောင်က သွင်းယူကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် မကာအိုအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းလာပြီး ၅၅ မိနစ်တွင် တိုရာရိုက ဂိုးပြန်သွင်းခဲ့သည်။ မြန်မာအသင်းသည် ချေပဂိုးပေးလိုက်ရပြီး ခုနစ်မိနစ်အကြာတွင် ဒုတိယဂိုးပြန်ရခဲ့ပြီး နောက်ခံလူ စိုးမိုးကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြင့်ခဲ့ပြီး ဂိုးထပ်မံရရှိရန် ကြိုးပမ်းခဲ့သည်။ ကစားအားကျသွားသည့် မကာအိုအသင်းကြောင့် မြန်မာအသင်း အခွင့်အရေးပိုရလာပြီး ၈၂ မိနစ်တွင် အောင်ကောင်းမာန်၊ ၉၀+၁ မိနစ်တွင် နေမိုးနိုင်၊ ၉၀+၄ မိနစ်တွင် လွင်မိုးအောင်တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

မြန်မာအသင်းနှင့် မကာအိုအသင်းတို့၏ ဒုတိယအကျော့ပွဲကို အောက်တိုဘာ ၁၇ ရက်တွင် မကာအို၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–သော်လေး**

## မံစီမြို့နယ် ခိုင်ဝေစည်( ဝန်ထမ်းပေါင်းစုံ )ငွေစုငွေချေးသမဝါယမအသင်း (လီမိတက်)နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ စည်းဝေး

မံစီ အောက်တိုဘာ ၁၂

ကချင်ပြည်နယ် မံစီမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် ခိုင်ဝေစည် (ဝန်ထမ်းပေါင်းစုံ) ငွေစုငွေချေး သမဝါယမအသင်း (လီမိတက်) ၏ ၂၀၂၂–၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းဝေးကို ယမန်နေ့နံနက် ၁၀နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ်ဆောင်ရွက်သူ ဦးစိုးဝင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးသန်းက ဌာန၏ ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၂–၂၀၂၃ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ အသင်းသူ အသင်းသားများ၏ သားသမီးနှစ်ဦးအား ပညာရည်ချွန်ဆုချီးမြှင့်ငွေကျပ် ၈၀၀၀၀ ကို ချီးမြှင့်ခဲ့သည်။ မံစီမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် ခိုင်ဝေစည် (ဝန်ထမ်းပေါင်းစုံ) ငွေစုငွေချေး သမဝါယမအသင်းတွင် အသင်းသူအသင်းသား ၂၆၇ ဦးရှိပြီး စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၁၀၅၈၄၇၀၀၊ အစုပေါ်အမြတ်ချီးမြှင့် ငွေကျပ် ၂၆၇၀၀၀၀ တက်ရောက်လာသည့် အသင်းသား အသင်းသူများအား စရိတ်ချီးမြှင့်ငွေကျပ် ၂၆၇၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၆၀၀၄၇၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပေါက်တောမြို့နယ်ဂြစ်ချောင်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောက်ရွက်ပြီးစီး

ပေါက်တော အောက်တိုဘာ ၁၂

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သည့် ဂြစ်ချောင်းကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဂြစ်ချောင်းကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းဖြင့်ဆောင်ရွက်သော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းကို နိုင်ငံတော်ထောက်ပံ့ငွေ ၁၂ သန်းနှင့် ပြည်သူထည့်ဝင်ငွေ ၂ ဒသမ ၅ သန်းတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး အဆိုပါ ကွန်ကရစ်လမ်းမှာ အလျား ၆၇၁ ပေ၊ အကျယ် ၇ ပေ ၊ ထု ၆ လက်မရှိကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အစ္စရေး - ပါလက်စတိုင်း ပဋိပက္ခနှင့်ပတ်သက်ပြီး ထရမ့်က ဘိုင်ဒင်ကို ဝေဖန်တိုက်ခိုက်

ဝါရှင်တန် အောက်တိုဘာ ၁၂

**အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခနှင့်ပတ်သက်ပြီး လက်ရှိအမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို ဝေဖန်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။**

ဆယ်စု နှစ်ပေါင်းများစွာ မကျေလည်မှုများဖြစ်ခဲ့ပြီးနောက် မကြာသေးမီက အစ္စရေးက ဂျနင်းမြို့ဒုက္ခသည်စခန်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သဖြင့် ပါလက်စတိုင်း အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့သလို ပါလက်စတိုင်းတစ်ဦးက အစ္စရေးနိုင်ငံ တယ်လ်အဗီမြို့ ဈေးဝယ်စင်တာတစ်ခု၌ ကားနှင့် ဝင်တိုက်ခိုက်ခဲ့သဖြင့် လူခုနစ်ဦး ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည့်အနက် သုံးဦးသေဆုံးခဲ့သည်။ ယင်းသို့ အပြန်အလှန်တစ်ဖက်နှင့်တစ်ဖက် အကြမ်းဖက်တိုက်ခိုက်မှုတွေဖြစ်ခဲ့ပြီးနောက် ယခုအခါတွင် အခြေအနေမှာပိုမိုဆိုးရွားလာခဲ့ပြီး ပဋိပက္ခအသွင်ဆောင်လာခဲ့သည်။

ယခုလို ပါလက်စတိုင်း အစ္စလာမ္မစ် စစ်သွေးကြွအုပ်စု ဟားမားစ်တို့၏ အစ္စရေးကို ဆန့်ကျင် တိုက်ခိုက်လာသည်အထိ ကြီးမားသောတိုက်ခိုက်မှုများ ဖြစ်ပေါ်လာသည့်အတွက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ နိုင်ငံရေးမူဝါဒ ကျဆုံးခဲ့ပြီလားဆိုပြီး တွေးဆထင်မြင်မိကြောင်း အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်က ပြစ်တင်ခဲ့ခြင်းဖြစ်သည်။

ဖလော်ရီဒါပြည်နယ်ရှိ လူထုထောက်ခံပွဲတစ်ခု၌ ထရမ့်က ဟားမားစ် ထောက်ခံအီရန်အပေါ် အရေးယူပိတ်ဆို့မှုတွေ လျှော့ချလိုက်သည့် ဘိုင်ဒင်အစိုးရ၏ ဆုံးဖြတ်ချက်အပေါ် ထောက်ပြပြောဆိုခဲ့သည်။

မိမိ၏ဦးဆောင်မှုအောက်တွင် အမေရိကန် ပြည်ထောင်စုသည် အကြမ်းဖက် အုပ်စုဖြစ်သည့် ဟားမားစ်တို့ကို အနိုင်ယူတိုက်ခိုက်ခဲ့ခြင်း၊ ဖျက်သိမ်းခဲ့ခြင်းနှင့် အမြဲတစေ ဖျက်ဆီးခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြင့် အစ္စရေးကို လုံးလုံးလျားလျား ထောက်ပံ့ပေးခဲ့ကြောင်း ထရမ့်က ပြောသည်။




အမေရိကန် သတင်းမီဒီယာများသည် အစ္စရေး-ပါလက်စတိုင်း အကြမ်းဖက်ပဋိပက္ခနှင့် ပတ်သက်ပြီး သတင်းများ တွင်တွင်ကျယ်ကျယ် ဖော်ပြလျက်ရှိသည်။ နှစ်ဖက် အပြန်အလှန်တိုက်ခိုက်မှုအတွင်း အစ္စရေးဘက်မှ သေဆုံးသူပေါင်း ၁၃၀၀ အထိရောက်ရှိခဲ့ပြီး ၃၂၆၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ၄၄၃ ဦးမှာ ဆေးရုံတင်ထားရဆဲဖြစ်သည်။

ထို့အတူ အစ္စရေးတို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၃၅၄ ဦး သေဆုံးခဲ့ပြီး ၆၀၄၉ ဦး ဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

## ဂြိုဟ်သိမ်ဘန်နူးမှ နမူနာများကို အမေရိကန်အာကာသအေဂျင်စီနာဆာ ပြသ

**ဝါရှင်တန် အောက်တိုဘာ ၁၂**

လွန်ခဲ့သည့်လအတွင်း ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုမှ ရရှိခဲ့သည့် နမူနာများကို အမေရိကန် အာကာသ အေဂျင်စီနာဆာမှ ထုတ်ဖော်ပြသခဲ့သည်။



နာဆာမှပြသထားသည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားမှ ကျောက်ဆောင်အပိုင်းအစများနှင့် မြေများကို တွေ့ရစဉ်။

အဆိုပါနမူနာတွင် ရေနှင့် ကာဗွန်ပါဝင်မှုရှိသည်ကို ၎င်းတို့၏ သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်းပြောသည်။ နာဆာသည် ဟူစတန်မြို့ ဂျွန်ဆင် အာကာသစင်တာတွင် အမည်းရောင်သဲများနှင့် သေးငယ်သည့် ကျောက်တုံးများပါဝင်သည့် နမူနာအချို့ကို အောက်တိုဘာ ၁၁ ရက်တွင် လူသိရှင်ကြား ပြသခဲ့သည်။

အာကာသ စူးစမ်းလေ့လာရေးယာဉ် OSIRIS-Rex သည် ကမ္ဘာနှင့်အင်္ဂါဂြိုဟ်ကြား လှည့်ပတ်နေသည့် ဘန်နူးဂြိုဟ်သိမ်ပေါ်တွင် ဆင်းသက်ခဲ့ပြီး နမူနာများကို စုဆောင်းခဲ့သည်။ နမူနာများကို သယ်ဆောင်လာသည့် အလုံပိတ်အခန်းငယ်ကို အမေရိကန်အနောက်ပိုင်း ပြည်နယ် သဲကန္တာရတွင် အောက်တိုဘာလအတွင်းက အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

နာဆာက ၎င်းတို့၏သိပ္ပံပညာရှင်များသည် ဂြိုဟ်သိမ်ဂြိုဟ်မွှားမှ ရရှိလာသည့်နမူနာများကို စူးစမ်းလေ့လာနေပြီး ပစ္စည်းမည်မျှပါဝင်ကြောင်းကို မသိရသေးကြောင်း ပြောသည်။

ကမ္ဘာအနှံ့မှ သိပ္ပံပညာရှင်များသည် အဆိုပါနမူနာပစ္စည်းများကို လေ့လာရန်အတွက် လာရောက်ပူးပေါင်းကြမည်ဖြစ်သည်။ အဆိုပါနမူနာများကို လေ့လာခြင်းဖြင့် ကမ္ဘာပေါ်တွင် သက်ရှိများမည်သို့ဖြစ်ပေါ်လာပုံနှင့် နေအဖွဲ့အစည်းဖြစ်ပေါ်လာပုံ အဖိုးတန်သဲလွန်စများ ရရှိမည်ဟု မျှော်လင့်ထားသည်။ **အင်န်အိတ်ချ်ကေ**

## လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအရေအတွက် ၃၀၃၂၃ ဦးအထိရှိပြီး သေဆုံးသူ ၁၇ ဦးအထိရှိလာ

**ဗီယင်ကျန်း အောက်တိုဘာ ၁၂**

လာအိုနိုင်ငံ၌ အရိုးကွဲဖျား သို့မဟုတ် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအရေအတွက်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၆၄ ခုရှိကြောင်း ဖော်ပြခဲ့မှုနှင့်အတူ အောက်တိုဘာ ၁၂ ရက်တွင် ၃၀၃၂၃ ဦးအထိ တိုးလာခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

လာအိုနိုင်ငံ၌ ယခုအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါပိုးကြောင့်၁၇ဦးသေဆုံးခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ သတင်းအချက်အလက်နှင့် ကျန်းမာရေးအသိပညာပေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါ အမြင့်ဆုံးဖြစ်ပွားသော ပြည်နယ်မှာ အူဒွန်ဆေးဖြစ်ပြီး စုစုပေါင်း ၅၂၅၈ ဦးအထိရှိသည်။ ထို့ပြင် လာအိုမြို့တော်ဗီယင်ကျန်းတွင်လည်း ၄၄၉၇ ဦးအထိရှိပြီး ခါမူအန်ပြည်နယ်တွင် ၃၇၂၀ ဦးအထိရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကျေးလက်ဒေသတွင် နေထိုင်ကြသူများကို သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်သတိပြုကာကွယ်ကြရန် တိုက်တွန်းထားသည်။

ဆင်ဟွာ

## ဩစတြေးလျနိုင်ငံ စက်ရုံတစ်ရုံ၌ ဓာတုပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးပြီး လူ ၃၀ ထက်မနည်း ကယ်တင်ခဲ့ရ

**ဆစ်ဒနီ အောက်တိုဘာ ၁၂**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်ရှိ စက်ရုံတစ်ရုံ၌ အောက်တိုဘာ ၁၂ ရက်က ဓာတုပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၃၀ ထက်မနည်း ဘေးလွတ်ရာသို့ကယ်ထုတ်ခဲ့ရသည်ဟု သိရသည်။

ဗစ်တိုးရီးယားရဲဌာန၏ ထုတ်ပြန်ချက်အရ မဲလ်ဘုန်းမြို့ အနောက်ဘက်ရှိ ဆင်ခြေဖုံးရပ်ကွက် စက်ရုံတစ်ရုံမှ အရေးပေါ်ခေါ်ဆိုမှုကို ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရရှိခဲ့ကြောင်းသိရသည်။ အဆောက်အအုံအတွင်းမှ လူ ၃၀ ထက်မနည်းကို ဘေးလွတ်ရာသို့ ကယ်တင်ပေးခဲ့ရသည်။

ပေါက်ကွဲမှုအရှိန်ကြောင့် မီးလောင်မှုကိုလည်း မီးသတ်သမားများက ထိန်းချုပ်နိုင်ခဲ့ပြီး အဆောက်အအုံအတွင်း အသက် ၄၄ နှစ်အရွယ် အမျိုးသားတစ်ဦးသေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ အဆိုပါ အခင်းဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဂါဇာဒေသအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများခွင့်ပြုပေးရမည်ဟု ကုလအကြီးအကဲပြော

**ဂါဇာ အောက်တိုဘာ ၁၂**

ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် ခွင့်ပြုပေးရမည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် ကပြောသည်။

ဂါဇာကမ်းမြောင်ဒေသကို လက်နက်လူသူအင်အားဖြင့် ပိတ်ဆို့ထားရန် အစ္စရေးခေါင်းဆောင်များက အမိန့်ပေးထားသည်။ ပါလက်စတိုင်း ဒုက္ခသည် ၂၀၀၀၀၀ ခန့်မှာ ယခုအခါ ကုလသမဂ္ဂ ကယ်ဆယ်ရေးအေဂျင်စီပိုင် ခိုလှုံရာနေရာ ၈၂ ခုတွင် ခိုလှုံနေရသည်ဟု ဂူတာရက်စ်က သတင်းထောက်များကိုပြောသည်။ အရပ်သားများကိုအချိန်ပြည့် အကာအကွယ်ပေးနိုင်ရန်အတွက် ကုလသမဂ္ဂ အဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ ကိုပစ်မှတ်ထားခြင်း မပြုရဟု ၎င်းကဆက်ပြောသည်။

အသက်ရှင် ရပ်တည်ရေးအတွက် အဓိကထောက်ပံ့ရေးပစ္စည်းများဖြစ်သည့် လောင်စာ၊ အစားအသောက်နှင့် ရေအပါအဝင် အခြားသော ပစ္စည်းများကို ဂါဇာသို့ တင်သွင်းခွင့်ပြုရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီအတွက် ဝင်ရောက်ခွင့်ရရန် လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။ ထိုစဉ် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်ကလည်း အမေရိကန်အနေဖြင့် အစ္စရေးကိုစစ်ရေးအကူအညီများ ဆက်လက်ပေးပို့သွားမည်ဟု အောက်တိုဘာ ၁၁ ရက်တွင် ဘယ်ဂျီယံ၌ ရောက်ရှိနေစဉ်သတင်းထောက်များကို ပြောကြားခဲ့သည်။

ဟားမားစ်အုပ်စု၏ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းမှ အစ္စရေးပြည်သူများနှင့် မြို့များကို ကာကွယ်ပေးနိုင်ရန် ဘက်စုံသုံးလေကြောင်းကာကွယ်ရေးစနစ်များကို ပိုမိုထောက်ပံ့ပေးသွားမည်ဟု အော်စတင်က ပြောသည်။

**အင်န်အိတ်ချ်ကေ**



အစ္စရေးတို့၏လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဂါဇာမြို့တွင် မီးခိုးများတလူလူထွက်နေသည်ကို အောက်တိုဘာ ၁၁ ရက်ကတွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲနှင့် ထူးချွန်သူ သင်တန်းသား ငါးဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စီမံကိန်းကော်မတီဝင်များ၊ သင်တန်းသားများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်အောင်မြင်ကျေးရွာအုပ်စု၌ ဒေသခံများ၏ လိုလားချက်အရ ဖွင့်လှစ်ပေးခဲ့သော အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို တက်ရောက်ခဲ့ကြသည့် မိသားစုတစ်ခု၏ ပဲ့ကိုင်ရှင် အမျိုးသမီးများသည် အိုးမကွာ အိမ်မကွာဖြင့် အောင်မြင်သော ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်ပြီး မိသားစုဝင်ငွေ တိုးတက်လာအောင် ကြိုးစားကြမည်ဟု ယုံကြည်ကြောင်း၊ ကျေးလက်နေ ပြည်သူတစ်ဦးချင်းစီကို အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားတတ်မြောက်စေပြီး အောင်မြင်သော ကိုယ်ပိုင်လုပ်ငန်းငယ်များ ပေါ်ထွက်လာစေရန်မှာ မိမိတို့၏ မျှော်မှန်းချက်ဖြစ်ကြောင်း၊ ယခုစီမံကိန်းလုပ်ငန်းများ၌ လုပ်ငန်းထူထောင်နိုင်စေရန်အတွက် သင်တန်းဆင်းများထဲမှ ထူးချွန်သူ ငါးဦးကို သတ်မှတ်ချက်နှင့်အညီရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့် ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိသားစုဝင်ငွေ တိုးပွားလာခြင်းကြောင့် သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးများကို အကောင်းဆုံး ထောက်ပံ့ပေးနိုင်ခြင်း၊ ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်လာနိုင်ပြီး နိုင်ငံတော်အနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထူးချွန်သင်တန်းသားများကို ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ထူးချွန် သင်တန်းသား ငါးဦးထံ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အပ်ချုပ်စက် **(အပေါ်ယာပုံ)**၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ခေါက်စက်၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးက ဘီတင်စက်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ထုပ်သီးရိုက်စက်၊ အမြဲတမ်း




အတွင်းဝန် ဦးခန့်ဇော် က မီးပူ၊ စားပွဲနှင့် ထိုင်ခုံများကို ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များနှင့် နေပြည်တော် MSME အဖွဲ့များမှ ခင်းကျင်းပြသထားသော ဒေသထွက်ကုန်များကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပျဉ်းမနားမြို့နယ် မြောက်လွတ်ကုန်းကျေးရွာတွင် အသားတိုးဝက် (DYL) မွေးမြူထားရှိမှု အခြေအနေ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသားတိုးကြက် မွေးထားရှိမှုအခြေအနေနှင့် သမဝါယမဦးစီးဌာနမှ အသားတိုးဝက်နှင့် နိုးစားနွားများ မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မွေးမြူထားသော တိရစ္ဆာန်များ တိရစ္ဆာန်ရောဂါများ မကျရောက်စေရေး လိုအပ်သည့် ကာကွယ်ဆေးထိုးနှံခြင်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ အချိန်မီထိုးနှံထားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Nikolay SHULGINOV တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၂

**(၆) ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် (REW) သို့ တက်ရောက်ရန် ရုရှားနိုင်ငံ မော်စကိုမြို့၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီး မစ္စတာ နီကိုလေ ရှူဂီနော့ (Mr. Nikolay SHULGINOV) နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ စွမ်းအင်ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။**

တွေ့ဆုံပွဲသို့ ဒုတိယစွမ်းအင်ဝန်ကြီး မစ္စတာ ဆာဂျေး မီချောနစ်ကော့ (Mr. Sergey MOCHAL–NIKOV)၊ နှင့် ရုရှားနိုင်ငံပိုင် စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်သော INTER RAO Export ၊ Zarubezhneft ၊ JSC RosGeo အဖွဲ့အစည်းများ၏ အကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Nikolay SHULGINOV က မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍတွင် INTER RGO Export ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်လိုပါက မိမိတို့ ရုရှားနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ရေနံဓာတုဗေဒလုပ်ငန်းများတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ၎င်းကိစ္စနှင့် ပတ်သက်၍ ယခင်နှစ်က ကျင်းပခဲ့သည့် စွမ်းအင်ဖိုရမ်တွင်လည်း ဆွေးနွေးခဲ့ပြီး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကျင်းပလျက်ရှိသည့် ဖိုရမ်တွင်လည်း စွမ်းအင်နယ်ပယ်



အသီးသီးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆွေးနွေးသွားရန်ရှိကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ နည်းပညာများနှင့်ပတ်သက်၍လည်း ပူးပေါင်းဆောင်ရွက် သွားလိုပါကြောင်း၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ လုပ်ငန်းများ၊ Digital Geological Map ရေးဆွဲနိုင်ရေး လုပ်ငန်းများတွင်လည်း မြန်မာနိုင်ငံအတွက် ကူညီပံ့ပိုးပေးရန် အသင့်ရှိကြောင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆက်လက်ဆွေးနွေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် တွေ့ဆုံဆွေးနွေးမှုများကို အခြေခံ၍ လက်တွေ့နယ်ပယ်တွင် အမှန်တကယ် ပူးပေါင်းဆောင်ရွက်နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်နိုင်ရန်အတွက် အဆွေတော်အနေဖြင့် အကူအညီ ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ ယနေ့ နိုင်ငံတကာ၌ စွမ်းအင်သည် အဓိကကျသော အခန်းကဏ္ဍတွင် ရောက်ရှိနေပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ပြည့်စုံစေရေးအတွက် စွမ်းအင်ဖူလုံမှုသည် အရေးကြီးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ရေရှည်စီးပွားဖွံ့ဖြိုး တိုးတက်စေရန်အတွက် စွမ်းအင်လိုအပ်ချက် ဖူလုံရေးကို သေချာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် လိုအပ်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီတို့ကို မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်ရန် မျှော်လင့်ကြောင်း၊ စွမ်းအင်ဖူလုံရေးကို ဖြည့်ဆည်း ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း Electric Vehicle များ အသုံးပြုလာစေရန်အတွက် အားပေးအားမြှောက်ပြုပြီး Renewable Energy များဖြစ်သည့် Solar Energy ၊ Wind Power Energy များ အသုံးပြုရန်အတွက် စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် သမားရိုးကျနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် အဆွေတော်တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့် ရရန် မျှော်လင့်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ **သတင်းစဉ်**



## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများ စားရေးအဆင်ပြေစေရန် ဟင်းသီးဟင်းရွက်ဆီများ ထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရုံးချုပ်၊ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက် (နေပြည်တော်) ရှိ ဝန်ထမ်းများ စားရေးအဆင်ပြေစေရန် ဟင်းသီးဟင်းရွက်ဆီများ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၁၂ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော် သတင်းစာတိုက်၌ ပြုလုပ်သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရုံးချုပ်နှင့် နေပြည်တော်ရှိ မြန်မာ့အလင်း သတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် နေပြည်တော်သတင်းစာတိုက်တို့မှ ဝန်ထမ်း ၂၂၉ ဦးကို တစ်ဦးလျှင် ဟင်းသီးဟင်းရွက်ဆီ တစ်ဘူး (၅၀ ကျပ်သား) နှုန်းဖြင့် ပိဿာချိန် ၁၂၀ ခန့် ထောက်ပံ့ပေးအပ်သည်။ (ဓာတ်ပုံ)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ဌာနရှိဝန်ထမ်းများ စားရေးအဆင်ပြေစေရန် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် စက်တင်ဘာလကလည်း ကြက်ဥ အလုံးရေ ၂၅၀၀ ခန့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**

**ဓာတ်ပုံ – ဖြိုးကျော်လင်း**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာယဉ်မောင်မောင်၊ ပါမောက္ခ(ဌာနမှူး) ရူပဗေဒဌာန

အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ ပြုပြင်ပြောင်းလဲမှုအစီအစဉ် KG + 12 အရ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်မည့် Grade 12 သည် အခြေခံပညာအဆင့် စနစ်သစ် ပညာရေးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအနေဖြင့် ပထမဆုံးကြုံတွေ့ရမည်ဖြစ်ပါသည်။ ဤအတန်းသည် အဆင့်မြင့် ပညာရပ်များ၏ အခြေခံအချက်အလက်များကို မိတ်ဆက်ပေးရမည်ဖြစ်သည့်အတွက် ဘာသာရပ်တစ်ခုစီ၏ အကြောင်းအရာအသေးစိတ်ကို လေ့လာရမည်ဖြစ်ပါသည်။ ပထမဦးဆုံးအနေဖြင့် Grade 12 ရူပဗေဒဘာသာရပ် Text book တွင် အဓိကအားဖြင့် Mechanics, Energy, Electricity & Magnetism နဲ့ Modern Physics ဆိုပြီး အပိုင်း (၄)ပိုင်း ခွဲထားပြီး သင်ခန်းစာ အခန်း(၁၃) ခန်း ပါရှိပါသည်။

Mechanics အပိုင်းမှာ အခန်း (၃) ခန်း (3 chapters) ပါရှိပါသည်။ Chapter (1) Rotational Motion, Chapter (2) Forces in Circular Motion နှင့် Chapter (3) Fluid Dynamics တို့ဖြစ်သည်။ Chapter (1) Rotational Motion ခေါင်းစဉ်အောက်တွင် လည်ပတ်ရွေ့လျားမှု (rotational motion)နှင့် စက်ဝိုင်းပုံရွေ့လျားမှု (circular motion) နှစ်ခုအကြောင်းကို လေ့လာရမှာဖြစ်သည်။ ရွေ့လျားမှုများကိုလေ့လာရာမှာ စကြဝဠာထဲမှာ နေကိုဗဟိုပြု၍ ကမ္ဘာကြီးလည်ပတ်နေခြင်းနဲ့ယှဉ်ပြီး လေ့လာသိရှိနိုင်ပါသည်။ ကမ္ဘာဂြိုဟ်သည် မိမိဝင်ရိုးပေါ်မှာ လည်ပတ်နေသည့်အတွက် ကမ္ဘာပေါ်မှာရှိနေကြတဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးမှာလည်း လိုက်၍ လည်ပတ်နေပါသည်။ ထိုကဲ့သို့ ဝင်ရိုးတစ်ခုမှာ လည်ပတ်နေသော ရွေ့လျားမှုမျိုးကို rotational motion ဟုခေါ်ပါသည်။ ကမ္ဘာကို satellite က ပတ်တာမျိုး၊ နေကို ကမ္ဘာက ပတ်သလိုမျိုး၊ nucleus ကို electron က ပတ်သလိုမျိုးတွေကို circular motion ဟုခေါ်ပါသည်။ ပိုမိုရိုးရှင်းစွာပြောရမည်ဆိုလျှင် အမှတ်တစ်မှတ်ကို ဗဟိုပြုပြီး အဲဒီဗဟိုနှင့်ထိတွေ့မှုမရှိဘဲ လည်ပတ်နေတာကို circular motion ဟုခေါ်ပါသည်။

Chapter (2) Forces in Circular Motion ဆိုသည့် ခေါင်းစဉ်တွင် စက်ဝိုင်းပုံပတ်လမ်းနှင့် လည်ပတ်နေသည့် ဝတ္ထုတွေအပေါ် သက်ရောက်နေသည့် အားတွေရဲ့အကြောင်းကို လေ့လာရမှာဖြစ်ပါသည်။ အမှတ်တစ်ခုကို ဗဟိုပြုပြီး ဝတ္ထုတစ်ခုလည်ပတ်နိုင်ခြင်းမှာ ဗဟိုမှဝတ္ထုအပေါ် ဆွဲအားသက်ရောက်ထားလို့ဖြစ်ပါသည်။ ကမ္ဘာက လကို ဆွဲထားသည့်အတွက် လက ကမ္ဘာကိုပတ်နေနိုင်တာဖြစ်ပါသည်။ ကမ္ဘာက လအပေါ် သက်ရောက်သည့် ဒြပ်ဆွဲအားမှာ ဗဟိုဦးတည်အား (သို့) ဗဟိုချဉ်းအား (Centripetal force) ဖြစ်ပါသည်။ Nucleus မှ electron အပေါ် လျှပ်စစ်အား(Coulomb's force) နှင့် ဆွဲထားသည့်အတွက် nucleus ကို electron က ပတ်နေခြင်းဖြစ်သည်။ Coulomb's force (or) electric force မှာ centripetal force ဖြစ်ပါသည်။

Chapter (3) အခန်းသည် Fluid Dynamics ဖြစ်ပါသည်။ liquid နှင့် gas ကို ပေါင်းပြီး ငွေ့ရည်(Fluid)ဟု ခေါ်ပါသည်။ Dynamics ဆိုသည်မှာ (solid, liquid, gas)စသည့် ဒြပ်သား(Matter)တွေအပေါ် သက်ရောက်သည့်အားကို လေ့လာသည့်ဘာသာရပ်ဖြစ်ပါသည်။ ထို့ကြောင့် Fluid Dynamics သည် အရည်နှင့် အငွေ့များအပေါ် သက်ရောက်သည့်အားတွေကို လေ့လာသည့်ပညာရပ်ဖြစ်ပါသည်။ ဤအခန်းတွင် အရည်တွေရဲ့ရွေ့လျားမှုနှစ်ခုဖြစ်သော laminar ရွေ့လျားမှု (laminar flow)နှင့် turbulent ရွေ့လျားမှု (turbulent flow) ကို လေ့လာရပါမည်။ Continuity equation နှင့် Bernoulli's equation တို့ကို အသုံးပြုပြီး အရည်တွေ၏ ရွေ့လျားမှုကို လေ့လာပါမည်။ ထို့အပြင် အရည်တစ်ခု၏ စေးပျစ်မှု (viscosity or fluid friction) နှင့် အရည်တစ်ခု၏ မျက်နှာပြင်တင်းအား (surface tension)တို့ကိုလည်း လေ့လာရပါမည်။

Energy အပိုင်းတွင်မူ အခန်း (၅) ခန်း (5 chapters) ပါရှိပါသည်။ Chapter (4) Sources of Energy and Environmental Impacts, Chapter (5) Heat Transfer and Thermodynamics, Chapter (6) Effects and Characteristics of Sound, Chapter (7) Applications of Light and Optical Instruments နှင့် Chapter (8) Interference and Diffraction of Light တို့ဖြစ်သည်။

Chapter (4) Sources of Energy and Environmental Impacts ဆိုသည့် ခေါင်းစဉ်အောက်တွင် Energy demand and crisis ဆိုသည့် အပိုင်းမှစပြီး energy sources များ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (renewable energy)နှင့် ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သော စွမ်းအင် (Non-renewable energy)အကြောင်းများကို လေ့လာရမှာဖြစ်ပါသည်။ Environmental Impacts နှင့် Consequences အကြောင်းများကိုလည်း လေ့လာရပါမည်။ ယခုအချိန်မှာ ရေပန်းအစားဆုံး Renewable energy တွေဖြစ်တဲ့ Solar energy, Wind energy, Hydro energy, Tidal energy, Geothermal energy နှင့် Biomass တို့ရဲ့ အကြောင်းကိုလည်း လေ့လာရမည်ဖြစ်သည်။

Non-Renewable energy sources တွေဖြစ်တဲ့ coal, natural gas, crude oil နှင့် nuclear fuel တို့ကိုလည်း လေ့လာပါမည်။ Renewable energy တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ solar energy ကို လေ့လာနိုင်ဖို့အတွက် solar technology ကို သိရမှာဖြစ်ပါသည်။

Solar နည်းပညာ (Solar Technology)အကြောင်းကို အနည်းငယ် ရှင်းပြပါမည်။ (Solar Technology)သည် အခြေခံရူပဗေဒ သဘောတရားတစ်ခုဖြစ်သော စွမ်းအင်တည်မြဲခြင်းနိယာမ (law of conservation of energy)နှင့်လည်း ဆက်စပ်ပါသည်။ Solar cell များသည် light energy မှ electrical energy သို့ ပြောင်းလဲပေးသည့် ပစ္စည်းများ ဖြစ်သည်။ Solar cell ကို photovoltaic cell ဟူ၍လည်း ခေါ်သည်။ Solar cell များကို ပေါင်းစပ်လိုက်လျှင် solar module ရပြီး solar module များကို စနစ်တကျ ပေါင်းစပ်လိုက်သည့်အခါ Solar panel ကိုရရှိသည်ဟု အကြမ်းဖျင်းသိထားရမည်။ Solar panel တစ်ခုမှ လျှပ်စစ်စွမ်းအင်ပမာဏများစွာကို ထုတ်ယူသုံးစွဲနိုင်သည်။

Solar cell များကို semiconductor materials များဖြင့် ပြုလုပ်ထားသည်။ Solar cell တစ်ခုတွင် အဓိကအားဖြင့် p-n junction ပါဝင်သည်။ ထို့ကြောင့် Solar cell တစ်ခုသည် in dark condition ၌ diode အဖြစ် ပြုမူသည်။ အလင်းကျရောက်သည့်အခါမှသာ solar nature ပြပါသည်။ Solar cell ရဲ့ polished surface ပေါ်သို့ light (အလင်း)ကျရောက်သည့်အခါ semiconductor crystal မှ light photon များကို စုပ်ယူပြီး electron-hole များကို ဖြစ်ပေါ်စေပါသည်။ light energy (photon) မှ electrical energy (voltage) သို့ ပြောင်းလဲသည့်ဖြစ်စဉ်ကို photovoltaic effect ဟုခေါ်သည်။ Photovoltaic effect သည် အလင်းမှ လျှပ်စစ်စွမ်းအင်ထုတ်ယူခြင်းအတွက် အခြေခံအချက်ဖြစ်ပါသည်။

Semiconductor crystal မှ အလင်းဖိုတွန်များကို စုပ်ယူပြီး electron-hole များကို ဖြစ်ပေါ်လာစေပါသည်။ p-n junction (solar cell) ကို ပြင်ပလျှပ်စီးပတ်လမ်း (External circuit) နှင့် ဆက်သွယ်ခြင်းအားဖြင့် external circuit ကို အလုပ်လုပ်ပေးခြင်းဖြစ်သည်။ Solar cell တစ်ခုရဲ့ efficiency ဆိုသည်မှာ solar cell မှ စွမ်းအင်ထွက်ရှိမှုနှင့် cell ပေါ်သို့ ကျရောက်သော အလင်းစွမ်းအင်တို့၏ အချိုးဖြစ်သည်။

Chapter (5) Heat Transfer and Thermodynamics တွင် Heat transfer, Thermodynamics နှင့် Heat engines တို့ပါဝင်ပါသည်။ သာမိုဒိုင်းနမစ် ဆိုသည်မှာ အပူစွမ်းအင်သုံး အင်ဂျင်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတုဆိုင်ရာ ဓာတ်ပြုခြင်း၊ ပြိုကွဲခြင်းနှင့် ရေခဲသေတ္တာကဲ့သို့သော အသုံးချပစ္စည်းများ စသည်တို့တွင် အလွန်အသုံးကျပြီး အခြေခံကျသော ပညာရပ်ဖြစ်ပါသည်။

Chapter (6) Effects and Characteristics of Sound တွင် အသံနှင့် ပတ်သက်သည့် အကြောင်းအရာများပါဝင်သည်။

Chapter (7) Applications of Light and Optical Instruments အခန်းတွင် အလင်းဆိုင်ရာအသုံးချမှုများနှင့် သက်ဆိုင်သောပစ္စည်းကိရိယာများအကြောင်း ပါဝင်ပါသည်။

Chapter (8) Interference and Diffraction of Light တွင် အလင်းလှိုင်းထပ်ခြင်းနှင့် အလင်းလှိုင်းကွေ့ခြင်းအကြောင်းများကို လေ့လာရမှာဖြစ်ပါသည်။

Electricity & Magnetism အပိုင်းတွင် အခန်း (3) ခန်း (3 chapters) ပါရှိပါသည်။ Chapter (9) Capacitor and Capacitance, Chapter (10) Electrical Energy, Power and Heating Effect of Electric Current နှင့် Chapter (11) Electromagnetic Induction, Generation and Distribution of Electricity တို့ပါဝင်သည်။

Chapter (9) Capacitor and Capacitance တွင် လျှပ်သိုပစ္စည်းများနှင့် လျှပ်သိုသတ္တိများအကြောင်းကို ဖော်ပြထားပါသည်။ Capacitor အမျိုးမျိုးနှင့် ၎င်းတို့၏ အသုံးချမှုများကိုလည်း ဖော်ပြထားပါသည်။ Capacitance နှင့် dielectric constant တို့၏ ဆက်စပ်မှုများ၊ Capacitor တစ်ခုတွင် သိုလှောင်နိုင်သော လျှပ်စစ်စွမ်းအင်များနှင့် Capacitor များကို Charging နှင့် discharging ပြုလုပ်ပုံ အသီးသီးကို ဤအခန်းတွင် ရှင်းလင်းဖော်ပြထားပါသည်။ Capacitor များ၏ ပေါင်းစပ်ချိတ်ဆက်မှုများကိုလည်း ဤအခန်းအား လေ့လာခြင်းဖြင့် သိရှိနိုင်ပါသည်။

Chapter (10) Electrical Energy, Power and Heating Effect of Electric Current တွင် လျှပ်စစ်စွမ်းအင်၊ လျှပ်စစ်စွမ်းအားများ အကြောင်းကို ဖော်ပြထားပြီး လျှပ်စီးကြောင်းများ၏ အပူကြောင့် သက်ရောက်မှုများအကြောင်းကို ရှင်းလင်းဖော်ပြထားပါသည်။

Chapter (11) Electromagnetic Induction, Generation and Distribution of Electricity အခန်းတွင် Electric current နှစ်မျိုး၊ လျှပ်စစ်သံလိုက်ညို့ယူခြင်း (Electromagnetic induction)နှင့် ၎င်းကိုအသုံးချပုံများ၊ Generation and distribution of electricity နှင့် နေအိမ်များတွင် လျှပ်စစ်အသုံးပြုရာ၌ ဖြစ်ပေါ်စေနိုင်သော အန္တရာယ်များအကြောင်းတို့ကို လေ့လာနိုင်ပါသည်။

Modern Physics အပိုင်းတွင် အခန်း (၂)ခန်း (Chapter 12 & 13) ပါဝင်သည်။ Chapter (12) Digital Electronics and Communication System နှင့် Chapter (13) Modern Physics တို့ဖြစ်သည်။

Chapter (12) တွင် Digital Electronics and Communication System များအကြောင်းကို လေ့လာနိုင်ပါသည်။ Diodes များအကြောင်း (Zener, LED, Photodiode)နှင့် ၎င်းတို့၏ analog, digital, wired (line)နှင့် wireless ဆက်သွယ်ရေးနည်းလမ်းများအပြင် modulation နှင့် demodulation အကြောင်းအရာများပါ ဖော်ပြထားပါသည်။

Chapter (13) Modern Physics အခန်းသည် Grade 12 ရူပဗေဒဘာသာရပ်၏ နောက်ဆုံးအခန်းလည်းဖြစ်ပါသည်။ ဤအခန်းတွင် အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ Nuclear Physics၊ Quantum Mechanics နှင့် Special theory of relativity တို့ဖြစ်ပါသည်။

Nuclear Physics အပိုင်းတွင် ရေဒီယိုသတ္တိကြွခြင်း (radioactivity)၊ radioisotope များအကြောင်းနှင့် nuclear energy အကြောင်းတို့ ပါရှိပါသည်။ Nuclear reaction များအကြောင်းတွင် ကြီးမားသော စွမ်းအင်ပမာဏကို ထုတ်လုပ်ပေးနိုင်သော fission reaction အကြောင်းကို ဖော်ပြထားပြီး Reactor physics အနေနှင့်လည်း nuclear reactor အကြောင်းကို ပုံများနှင့်တကွ ဖော်ပြထားသည်။ Nuclear energy ထုတ်လုပ်ရာတွင် မရှိမဖြစ်အရေးပါသော Uranium-235 (သို့) Plutonium-239တို့၏ fission reaction အကြောင်းနှင့် စွန့်ထုတ်လိုက်သော Radioactive waste များကြောင့် ဖြစ်ပေါ်လာသော environmental impact များအကြောင်းကိုလည်း ဆွေးနွေးထားပါသည်။

Radioactive dating ဆိုသည်မှာ အရာဝတ္ထုပစ္စည်းများမှ ထွက်လာသည့် ရေဒီယိုသတ္တိကြွရောင်ခြည်ပမာဏကို တိုင်းတာပြီး အဆိုပါပစ္စည်းများ၏ သက်တမ်းကို ခန့်မှန်းသည့် နည်းလမ်းတစ်ခုဖြစ်သည်။ Uranium-238 မှ Lead-206 သို့၊ Potassium-40 မှ Argon-40 သို့ decay ဖြစ်သွားသည့် ရေဒီယိုသတ္တိကြွအိုင်ဆိုတုပ်များကို လေ့လာပြီး ကျောက်သားများ၏ သက်တမ်းကို ခန့်မှန်းနိုင်သည်။

Carbon 14 သည် လေထဲတွင်သာမက အသက်ရှင်လျက်ရှိကြသော အပင်နှင့်သတ္တဝါများ၏ ခန္ဓာကိုယ်အတွင်းမှာလည်းရှိသည်။ လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက သေဆုံးခဲ့သည့် အပင်နှင့်သတ္တဝါများ၏ ရုပ်ကြွင်းများတွင်လည်းရှိကြသည်။ Carbon 14 ၏ half life မှာ ၅၇၃၀ နှစ် ဖြစ်သည်။ ရုပ်ကြွင်းများအတွင်းရှိ Carbon 14 မှ ထွက်လာသည့် ရေဒီယိုသတ္တိကြွရောင်ခြည်ထွက်နှုန်း(activity)ကို တိုင်းတာပြီး ရုပ်ကြွင်းများ၏ သက်တမ်းကို ခန့်မှန်းနိုင်သည်။

Radioactive dating ကို ရှေးဟောင်းသုတေသန (Archaeology)၊ ဘူမိဗေဒ(Geology)၊ ကျောက်ဖြစ်ရုပ်ကြွင်းပညာ (Palaeontology) နှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် သုတေသနနယ်ပယ်များတွင် အသုံးပြုပါသည်။ Dating နည်းလမ်းအလိုက် မတူကွဲပြားသော Principle နှင့် Limitation တို့ကို သိရှိနားလည်နိုင်ပါသည်။

Quantum Mechanics အပိုင်းတွင် Wave particle dual nature နှင့် quantization of angular momentum in theory of hydrogen atom များအကြောင်းကို ထည့်သွင်းဖော်ပြထားပါသည်။ ရူပဗေဒ၏ အနှစ်သာရတစ်ခုဖြစ်သော special theory of relativity ၏ အခြေခံသဘောတရားအချို့ကို Modern Physics ၏ အပိုင်းတစ်ပိုင်းအနေဖြင့် လေ့လာသိရှိနိုင်ပါသည်။

Grade-12 အတွက် 2023-2024 ပညာသင်နှစ်မှစပြီး matriculation examination နှင့် completion examination နှစ်မျိုးစလုံးတွင် မေးခွန်းပုံစံအသစ်နှင့် စစ်ဆေးပါမည်။ အမှတ် (၁၀၀) ဖိုး ဖြေဆိုရမည်။ Section (A) နှင့် Section (B)ဟူ၍ (၂)ပိုင်း ခွဲထားသည်။

*စာမျက်နှာ ၁၇ သို့*

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့်အဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်နေသော နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့်အဖွဲ့သည် ယနေ့တွင် သစ်တွန်ကျေးရွာအုပ်စု လေးအိမ်စုကျေးရွာအတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများ၊ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်ခဲ့သည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ထိန်ပြောင်ကျေးရွာနှင့် လေးအိမ်စုကျေးရွာလမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ကျေးရွာများသို့ လျှပ်စစ်မီးပေးနိုင်ရေး လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှု အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး လျာထားဆောင်ရွက်မည့် အခြေအနေများ၊ ကျေးရွာချင်းဆက်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ပေးမည့် အစီအမံများနှင့် အခြားလိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် လေးအိမ်စုကျေးရွာသို့ ရောက်ရှိကြပြီး အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအေးချမ်း ပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ဒေသရှိ မျိုးဆက်သစ်ကလေးငယ်များ စာပေတတ်မြောက်မှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကျောင်းသား ကျောင်းသူများ စာပေကြိုးစားသင်ယူပါက ၎င်းတို့ဝါသနာပါရာ အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများကိုလည်း အသိပေးပြောကြားပေးစေလိုကြောင်း၊ ယင်းမှသာ ကျောင်းသား ကျောင်းသူများအနေဖြင့် စာပေသင်ယူလိုစိတ် ပိုမိုဖြစ်ပေါ်လာမည်ဖြစ်ကြောင်းနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း စာပေကြိုးစားသင်ယူပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သည့် လူတော်လူကောင်းများဖြစ်စေရန် ကြိုးစားပေးစေလိုကြောင်း မှာကြားကာ ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ဝေငှပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသန့်ရှင်းသာယာရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် လေးအိမ်စုကျေးရွာ ရွာဦးကျောင်းတိုက်၌ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က တောင်ပေါ်ဒေသနေ ပြည်သူလူထု အသိပညာဗဟုသုတပြည့်ဝစွာရရှိပြီး လူနေမှုအဆင့်အတန်းမြင့်မားစွာဖြင့် နေထိုင်နိုင်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတိုးတက်ရေးတို့ကို အဓိကထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူလူထု၏ ကျန်းမာရေးကောင်းမွန်ရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်သည့်အတွက် တောင်ပေါ်ဒေသနေ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပွင့်လင်းစွာတင်ပြကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကျေးရွာအုပ်စုရှိ ဘုန်းတော်ကြီးကျောင်းများ၊ အိမ်ထောင်စုများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဗဟုသုတရဖွယ် သုတ၊ ရသ စာအုပ်များ၊ ဆေးဝါးများ၊ First Aid Kit များနှင့် ပန်းခင်းစီမံချက် (၂) ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ထောက်ပံ့လှူဒါန်း ပေးအပ်ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ကျောင်းအုပ်ဆရာကြီးများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ပြည်သူ့စစ် တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက်ဒေသခံတိုင်းရင်းသားပြည်သူများက မိမိတို့ဒေသအတွက် ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နေပြည်တော်ကောင်စီဝင်သည် ကျေးရွာအတွင်းရှိ အသက် (၇၀) အရွယ် မသန်စွမ်းသူ အဘိုး အဘွား နှစ်ဦးအား ငွေကျပ်သုံးသောင်းစီ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူ၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် လေးအိမ်စုရွာဦးကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကန်တော့၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် လေးအိမ်စုကျေးရွာ မဟာသိဒ္ဓိတောင်ပေါ်၌ တည်ထားကိုးကွယ်တော်မူသည့် အောင်ဆုပြည့်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက် (၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်း၊ နေပြည်တော်ကုသရေးဦးစီးဌာနမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က လေးအိမ်စုကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နေပြည်တော်လမ်းဦးစီးဌာနမှ ကျေးရွာအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခြင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျေးရွာအတွင်း လျှပ်စစ်မီးရရှိနိုင်ရေး လိုအပ်သည်များ ကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Mya- nmar Great Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR QQ ICE-CREAM အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များနှင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **သတင်းစဉ်**



## ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်အထက် နှစ်ပေခန့် ကျော်လွန်ရောက်ရှိ စစ်တောင်းမြစ်ရေ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၁၂**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေကျော် (၆၂ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

Section (A) အပိုင်းတွင် အမှတ် (၄၀)ဖိုး ဖြေဆိုရမှာဖြစ်ပြီး Section (B) အပိုင်းတွင်မူ အမှတ်(၆၀)ဖိုး ဖြေဆိုရမည် ဖြစ်သည်။ Section (A) အမှတ်(၄၀)ဖိုး အပိုင်းတွင် Answer All Questions ဖြစ်သည်။ မေးခွန်း No(1) သည် True or False ရွေးချယ်ရပါမည်။ (1)မှတ်တန် (10)ပုဒ် ဖြေဆိုရပါမည်။ မေးခွန်း No(2)သည် Fill in the blanks ဖြစ်ပြီး (1)မှတ်တန်မေးခွန်း(၁၅)ပုဒ် ဖြေဆိုရပါမည်။ မေးခွန်း No(3)သည် Multiple Choice (MCQ)များဖြစ်ပြီး ရွေးချယ်စရာ (၃)ခုမှ Correct answer (၁)မျိုးတည်းကိုသာ ရွေးပေးရပါမည်။ (1)မှတ်တန် (၁၅)ပုဒ် ဖြေဆိုရမှာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ Section (A) Answer All Questions မှာ အမှတ်(၄၀)ဖိုး မေးထားပြီး (၄၀)မှတ်ဖိုးလုံး ဖြေဆိုရမှာဖြစ်ပါသည်။ Section (B) အပိုင်းတွင် (၁၅)မှတ်တန် မေးခွန်း(၆)ပုဒ် မေးထားပြီး (Answer Any Four Questions)ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်သည့်အတွက် Section (B) အပိုင်းသည် အမှတ်(၆၀)ဖိုး ဖြေဆိုရပါမည်။ Section (B)တွင် အပုဒ်တိုင်း၌ (a), (b) ဆိုပြီး ပါရှိပြီး နံပါတ်(a)သည် (၇)မှတ်တန် မေးခွန်းဖြစ်ပြီး နံပါတ် (b)သည် (၈) မှတ်တန် မေးခွန်းဖြစ်ပါသည်။

မေးခွန်းတွင် Grade – 12 Text Book ထဲမှ Theory, Problems and Diagrams များကို အချိုးကျထည့်သွင်းမေးပါမည်။ မေးခွန်း၌ စုစုပေါင်းအမှတ် (၁၃၀)ဖိုး မေးထားသော်လည်း အမှတ် (၁၀၀)ဖိုးသာ ဖြေဆိုရမည်ဆိုသည်ကို သတိပြုရန် လိုအပ်ပါသည်။ Text Book တွင် ပါရှိသော အခန်းများအားလုံး နားလည်သဘောပေါက်မှသာ အားလုံးကို ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ကျောင်းသားဗဟိုပြု ချဉ်းကပ်သင်ယူနည်းကို ဦးတည်ထားသည့်အတွက် အလွတ်ကျက်မှတ်ခြင်းကို ရှောင်ရှားပြီး အတွေးအခေါ်အယူအဆအပိုင်းများကိုသာ ဦးစားပေးမေးသွားပါမည်။ Grade –12 ရူပဗေဒသင်ခန်းစာ သဘောတရားများကို ကောင်းစွာနားလည်သဘောပေါက်ထားလျှင် အမှတ်ပြည့်ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများအားလုံး စာမေးပွဲကို ထူးချွန်စွာဖြေဆို၊ အောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

## မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) များ ဖမ်းဆီးရမိ



မထူးမြတ်နေ့သွယ်နှင့် နှင်းဝေဖြိုး တို့ကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် ည ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် ခရီးသည်တင် Express မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် မထူးမြတ်နေ့သွယ်နှင့် နှင်းဝေဖြိုး တို့၏ ခရီးဆောင်အိတ်များအတွင်းမှ ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၂ ဘီလီယံ ကျော်တန်ဖိုးရှိစိတ်ပြောင်းဆေးဝါး (Happy Water) ၁၀ ဒသမ ၁၇ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ ယာဉ်အပိုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၉ ရက်က ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပုသိမ်မြို့ ဘူတာအနီး ဘုရားကြီးကုန်းလမ်းဘေး တစ်နေရာ၌ တရားမဝင်သစ် ၂ ဒသမ ၂၇၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၇၉၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ ကုန်သေတ္တာ ကိုးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Car Spare Parts (Sensor) ၂၁ ဒသမ ၉၄ တန်၊ Ceramic Floor Tiles စတုရန်းမီတာ ၇၈၀၀၊ Remote Control Toy Cars ၂၄ ခု အပါအဝင် ကုန်ပစ္စည်း ၉၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၁၁၈၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Panasonic စက်ဘီး (Used) အစီး ၅၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၁၉၇၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၉၃၇၇၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် အောက်တိုဘာ ၁၁ ရက်က ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Honnanbo လျှပ်စစ်ထမင်းပေါင်းအိုး ၄၂ လုံး အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ဝ ဒသမ ၄၁၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၆၅၃၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၁ ရက်က မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းတုန်းမြို့ ပုသိမ် - မုံရွာကားလမ်း ကန်လည်တံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda CR-V မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၁၁၈၂၀၂) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဇေယျာသီရိမြို့နယ်၌ မြေသယ်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် အောက်တိုဘာ ၁၀ ရက်က မြေသယ်ယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိ၍ အမျိုးသား တစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၀ ရက် ညနေ ၄ နာရီခွဲက ဇေယျာသီရိမြို့နယ် ဝဲကြီးကျေးရွာနှင့် ရုံးပင်ဇောင်း ကျေးရွာချင်းဆက် လမ်းပေါ်တွင် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရုံးပင်ဇောင်း ကျေးရွာဘက်မှ ဝဲကြီးကျေးရွာဘက်သို့ ကံဦးကျေးရွာနေ ချမ်းမြေ့အောင် (၂၇ နှစ်) မောင်းနှင်သော NPW-3 2G/. . . . . LIFAN အနီရောင် မြေသယ်ယာဉ်နှင့် မျက်နှာချင်းဆိုင်မှ ရွာသစ်ကြီး ကျေးရွာနေ တိုးတိုးအောင် (၁၈) နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ ဖိုးချစ် (ခ) အောင်ကျော်ဖြိုး (၁၆) နှစ်၊ မင်းမင်းလတ် (၁၉) နှစ်တို့ လိုက်ပါစီးနင်းလာသော NPW-77W/. . . . . KENBO အနက်ရောင် ဆိုင်ကယ်တို့သည် အခင်း ဖြစ်နေရာ၌ မျက်နှာချင်းဆိုင် တိုက်မိပြီး တိုးတိုးအောင်၊ ဖိုးချစ် (ခ) အောင်ကျော်ဖြိုး၊ မင်းမင်းလတ် တို့တွင် ဒဏ်ရာများ အသီးသီး ရရှိခဲ့သဖြင့် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးကုသရန် ပို့ဆောင်စဉ် တိုးတိုးအောင်မှာ သေဆုံးသွားသောကြောင့် တိုးတိုးအောင်နှင့် ချမ်းမြေ့အောင် တို့ နှစ်ဦးကို ရေဆင်း နယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ချမ်းမြေ့သာယာရပ် မြို့မအုပ်စုနေသူများဖြစ်ကြသော "Snow Queen" Facebook အကောင့်၊ "Thae Thae" Facebook အကောင့်တို့ ပိုင်ရှင်ဖြစ်သူ အေးမာလာသန်း (ခ) ဆိုမာယာနှင့် "အာကာဟိန်း" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အာကာဟိန်း တို့ နှစ်ဦးအား မွန်းတည့် ၁၂ နာရီတွင် မိုးကုတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ Online ဆွေးနွေးပွဲသို့ မြန်မာအသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၁၂**

အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်လုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်း (Asia-Pacific Institute for Broadcasting Development -AIBD)က စီစဉ်ကျင်းပသည့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက Online ဖြင့်ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။ **(ယာပုံ)**

အဆိုပါ ဆွေးနွေးပွဲတွင် Artificial Intelligence-AI နည်းပညာကြောင့် သတင်းအချက်အလက်များ တိုးပွားလာမှုတွင် သတင်းတု၊ သတင်းမှားများကို ခွဲခြားရန်ခက်ခဲနိုင်သည့် အခြေအနေများ၌ အကဲဖြတ်သုံးသပ်ခြင်း၊ သတင်းမှားများကို ဖော်ထုတ်ခြင်းနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ စိန်ခေါ်မှုများကို ရှာဖွေဖော်ထုတ်ခြင်း နည်းနာများ၊ သတင်းတု (Disinformation)၊ အကောင့်တု (Fake Account)၊ ဒစ်ဂျစ်တယ် ခေတ်တွင် ဝေဖန်ပိုင်းခြားတွေးခေါ်မှု (Critical Thinking in the digital age) စသည့် ခေါင်းစဉ်များဖြင့် UK နှင့် အိန္ဒိယနိုင်ငံတို့မှ Artificial Intelligence - AI ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးကြသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် AIBD သို့ ၁၉၈၇ ခုနှစ်မှစ၍ တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး AIBD မှ စီစဉ်ကျင်းပသည့် သင်တန်းများ၊ အစည်းအဝေးများ၊ Seminars များ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် Conference များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်တက်ရောက်လျက်ရှိရာ ယနေ့ပြုလုပ်သော Online ဆွေးနွေးပွဲသို့လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သတင်းနှင့် အစီအစဉ်လုပ်ငန်းတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ တက်ရောက်၍ လေ့လာသင်ယူကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အယ်လ်နီညိုရာသီဥတုကြောင့် သီးနှံများထိခိုက်ပျက်စီးမှုမရှိစေရေး အသိပညာပေးဆွေးနွေး

**ကျောက်ဆည် အောက်တိုဘာ ၁၂**

စိုက်ပျိုးရေးဦးစီးဌာန ကျောက်ဆည်ခရိုင်နှင့် တံတားဦးမြို့နယ် စိုက်ပျိုး နည်းပညာပေးအဖွဲ့ (Working Group ) တို့ ပူးပေါင်း၍ အောက်တိုဘာ ၁၁ ရက် နံနက်က တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ အယ်လ်နီညို ရာသီဥတု အကျိုးသက်ရောက်မှုကြောင့် သီးနှံများထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။



အသိပညာပေး ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးချစ်ဆွေဦး ဦးဆောင်၍ ခရိုင်/မြို့နယ်ရှိ စိုက်ပျိုးပညာရှင်ဝန်ထမ်းများက ယခုနှစ် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ အားကောင်းသော အယ်လ်နီညိုရာသီဥတု ဝင်ရောက်နိုင်ကြောင်း၊ အကျိုးသက်ရောက်မှုအနေဖြင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူချိန်မြင့်မားခြင်းနှင့် မုန်တိုင်းများဖြစ်ပေါ်နိုင်ကြောင်း၊ မိုးရေချိန်လျော့နည်း၍ ဆည်များအတွင်း ရေဝင်ရောက်မှု လျော့နည်းနိုင်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍသည် ရာသီဥတုအပေါ် များစွာမှီခိုနေသောကြောင့် ကြိုတင်ဆောင်ရွက်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း၊ ရေရရှိနိုင်မည့်နည်းလမ်းများကို ရှာဖွေထားရန်လိုကြောင်း၊ ရေကြီးခြင်းများဖြစ်ပေါ်လာပါက ယာသီးနှံများတွင် ရေထုတ်မြောင်းများ စီစဉ်ထားရန် လိုအပ်ကြောင်း၊ ကြိုတင်သတိပေးချက်များ ထုတ်ပြန်လာပါက လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သက်လျှင်မျိုး၊ ရေငတ်ဒဏ်ခံနိုင်သောမျိုး၊ ပိုးမွှားရောဂါခံနိုင်သောမျိုးများ ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ သင့်လျော်သော သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း၊ သီးနှံဆုံးရှုံးမှုလျော့နည်းစေရန် တစ်မျိုးတည်းစိုက်ခြင်းအစား သီးရော၊ သီးညှပ်၊ သီးနှံအကန့်လိုက် စိုက်ပျိုးခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တောင်သူများမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း အသိပညာပေးဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲတွင် သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် သုံးစွဲရေးနည်းလမ်းများကို သီးနှံအလိုက် အသိပညာပေးဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေး ဝန်ထမ်း ၂၂ ဦးနှင့် တံတားဦးမြို့နယ် ချောင်းပတ်ကျေးရွာ၊ ကုတို့ဆိတ်ကျေးရွာ၊ ချောင်းခွကျေးရွာနှင့်သစ်တော်ဗျားကျေးရွာတို့မှ တောင်သူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်ထက်**



# ပြင်စလူမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းကြည့်ရှု

**ပြင်စလူ အောက်တိုဘာ ၁၂**

ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူမြို့ပေါ်နှင့် ကျေးရွာအုပ်စုများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၂ ရက်က စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွှန့်နှင့်အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းမင်းဦး ဦးဆောင်သည့်အဖွဲ့သည် ပြင်စလူ-လေယာဉ်ကွင်း ဆက်သွယ်ရေးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း၊ ပြင်စလူမြို့နှင့် ကုန်းကြီးကျေးရွာအုပ်စု ဆက်သွယ်ရေးလမ်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အထက-(ခွဲ) ကုန်းကြီးကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် အထက-ပြင်စလူကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုကာ စိုက်ပျိုးရေးဦးစီးဌာနမှ ပိုက်ဆံလျှော်စိုက်ခင်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကလေးသူငယ်များအား ဝက်သက်၊ ပိုလီယို၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်တီဘီနှင့် မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းကို အောက်တိုဘာ ၁၁ ရက်က မင်းတပ်ခရိုင်ပြည်သူ့ဆေးရုံကြီး၌ဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးသန့်နှင့် အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်ကြီးတို့က အားပေးကာ ကူညီပံ့ပိုးဆောင်ရွက်ပေးစဉ်။ ကိုကိုရှုပ


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| စာတည်း | | |
| အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| သတင်းထောက်များ | | |
| ဓာတ်ပုံ | - | တင်စိုး |
| သတင်းထောက် | | |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၁၀ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၀ ကျပ် | ၂၂၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၅ ကျပ် | ၂၀၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၃၀၃ | ၉၀၉၀၀၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၂ | ၁၅၂၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၂၉၂ | ၄၉၆၄၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၁၅၀ | ၂၂၀၀ | ၅၁၁ | ၁၀၈၀၃၀၀ |
| AHPC | ၄၉၀၀ | ၄၈၀၀ | ၁၁၉၆ | ၅၇၅၀၈၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၈၁၄ | ၁၄၆၅၂၀၀ |

ညီညီ - စုစည်းသည်

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ (၂၂)မင်းကြီးညို ရပ်ကွက်၊ အကွက်အမှတ် (၇/မင်းကြီးညိုတောင်)၊ ဦးပိုင်အမှတ် (၁၃၀/745)၊ ဧရိယာ (၀.၀၅၅)ဧကအား ဒေါ်ကြည်ကြည်ချိုအမည်ဖြင့် မြေငှားဂရန်လျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း တောင်ငူမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဒေါ်ကြည်ကြည်ချိုအမည်ဖြင့် မြေငှားဂရန် ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/9701 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက် ပြယ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ ပေ (၈၀x၈၀)၊ မြေကွက်အမှတ် (ဒ-၃၁၂၇၆)ရှိ ဦးကျော်ရင်(ဘ)ဦးလှရင် ၁/မကန(နိုင်)၀၃၅၅၇၂ အမည်ပေါက်မြေကွက်အား ဦးကျော်ရင်ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၂၁၄၄/၂၀၁၂)၊ (၂၃-၁-၂၀၁၂)ရရှိထားသူ ဦးတင်စောသန်း(ဘ) ဦးကျော်သန်း ၁၂/ပဘတ(နိုင်)၀၂၆၅၁၀မှ မြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်(မိတ္တူမှန်)တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးတင်စောသန်း(ဘ)ဦးကျော်သန်း ၁၂/ပဘတ(နိုင်)၀၂၆၅၁၀အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၄၁၆၄)၊ မြေဧရိယာ(၀ဒသမ ၀၈၂)ဧကရှိ ဒေါ်ယုဇန(ဘ)ဦးမြင့်ဦး ၁၂/ဥကတ(နိုင်) ၁၂၉၁၆၂ အမည်ပေါက် (ပါ မစ်) မြေကွက်ကို ဒေါ်စုစုလွင် (ဘ)ဦးသော် ၅/အရတ(နိုင်)၀၆၂၃၀၇မှ မြေပေး မိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှ စ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

